မိတ်ကူးချိုချိုအနုပညာ
mgyoe.com

# သိန်းဖေမြင့်

# တောတောင်ရေမြေ ဘိုးဘွားအမွေ



ဒုတိယအကြိမ်

mgyoe.com



ယခုစာအုပ်သည်
အရင်က စာအုပ်အဖြစ် မထုတ်ဝေဖူးသေးသော
ဆရာသိန်းဖေမြင့်၏ ခရီးသွားဆောင်းပါးများ
စုစည်းထားသည့် စာအုပ်ဖြစ်ကာ
ဆရာ့လက်ရေးဖြင့် ဆရာကိုယ်တိုင်
အမည်ပေး ခေါင်းစဉ်တပ်ထားသော
"တောတောင်ရေမြေ ဘိုးဘွားအမွေ" ကိုပင်
ဤစာအုပ်၏ အမည်အဖြစ် ခေါင်းစဉ်တပ်လိုက်ပါသည်။

ဆရာသိန်းဖေမြင့်သည် စာတိုစာစလေးဖြစ်စေ၊
စာအုပ်ကြီး ထူထူထဲထဲကိုဖြစ်စေ ဘာကိုရေးရေး
သူ၏ မူအတိုင်း ခေတ်၏ပုံရိပ် (သို့မဟုတ်) ခေတ်၏နိုင်ငံရေး၊
လူမှုရေး၊ စီးပွားရေးစနစ်နှင့် လှုပ်ရှားမှုများကို
သူ၏ အယူအဆသဘောတရား ထင်မြင်ချက် ဝေဖန်ချက်တို့ဖြင့်
ယှဉ်လျက်ရေး၏။ ခရီးသွားဆောင်းပါးများကို ရေးသားရာ၌လည်း
ဒေသနှင့် ပထဝီကိုမျှမက ဒေသနေ ပြည်သူတို့၏ လူနေမှုစနစ်၊
လူမှုဆက်ဆံရေး၊ အတွေးအမြင်နှင့် ခံစားချက်၊ တစ်နည်းဆိုသော်
ဒေသ၏ ဦးနှောက်ကိုရော နှလုံးသားကိုပါ ဖွဲ့နွဲ့၏။

ထို့ကြောင့် ဤဆောင်းပါးစုကို ဖတ်ရှု၍
မြန်မာပြည်အနှံ့အပြား ကိုယ်တိုင်ခရီးသွားရသလို ခံစားရမည့်အပြင်
ဒေသအသီးသီး စိတ်ကူးဖြင့် လှည့်လည်ရင်း၊
ခေတ်တစ်ခေတ်၏ သမိုင်းတစ်စိတ်တစ်ပိုင်းကိုပါ
တွေ့မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း
မူလ စုစည်းရာဖွေထုတ်ဝေသူ
စာအုပ်ရေးစာအုပ်တိုက်မှ အမှာစကား ဆိုထားသော
စာအုပ်ဖြစ်ပါသည်။

ISBN9789997117106
TPM17
9 789997 117106
2,500.00KS

mgyoe.com

တောတောင်ရေမြေ ဘိုးဘွားအမွေ၊ သိန်းဖေမြင့်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၈၁ + မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၄ စာအုပ်ဈေး၏ ပထမအကြိမ်မှ

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# တောတောင်ရေမြေ
# ဘိုးဘွားအမွေ
# သိန်းဖေမြင့်

စုစည်းစီစဉ်သူ - မော်လင်း

mgyoe.com

ဒုတိယအကြိမ်၊ ၂၀၁၅

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– အမှာ က

၁။ စန္ဒကူးတောနှင့် ငှက်ပျောသီးထမ်းသမား ၁

၂။ ပုပ္ပားနောက်ကွယ် နဂါးလယ် ၇

၃။ ကျိုက်ထီးရိုးရဲ့ ဂုဏ်ကျေးဇူး ၁၃

၄။ ဇွဲကပင်နှင့် သံလွင် ၂၁

၅။ တောမီး ၂၉

၆။ ပင်းပက်သို့ ၃၄

၇။ ထပ်ထပ်တွေ့နေရသော ပုဂံ ၃၈

၈။ တောင်တော်ရွှေပုပ္ပား ၄၃

၉။ မြစ်ငယ်နှင့် ဂုတ်ထိပ် ၄၈

၁၀။ သရေခေတ္တရာနှင့် ပုဂံ ၆၂

၁၁။ ပုစွန်ပေါချိန် ၆၆


mgyoe.com

mgyoe.com


၁၂။ ရေဆင်းမှာ ဆုံကြသည် ၇၁

၁၃။ မိန်းမလှ၊ ကျွန်းညိုနှင့် ငွေသောင်ယံတို့သို့ ၈၇

၁၄။ မောင်းမကန်ဈေး ၁၂၈

၁၅။ မောင်းမကန် သောင်ခြေတစ်လျှောက်မှာ ၁၃၃

၁၆။ ကျွန်တော့်အတွက် ကြက်သားဟင်း အရန်ဖြစ်ခဲ့ရပုံ ၁၃၈

၁၇။ တာချီလိတ် မယ်ဆိုင်း ၁၄၂

၁၈။ တာချီလိတ်ဈေး ၁၄၇

၁၉။ အခြားစိတ်ဝင်စားစရာများ ၁၅၉

၂၀။ ဆက်လက်လေ့လာစရာများ ၁၆၄

– စာရေးသူ၏ အတ္ထုပ္ပတ္တိ ၁၆၉

– ပထဝီအညွှန်း ၁၇၅


❖

mgyoe.com

mgyoe.com


## အမှာ

'ပြည်သူကြားမှာ အမှန်ရှာ' စာအုပ်သည် ဆရာ သိန်းဖေမြင့်၏ ခရီးသွားဆောင်းပါးများကို ပုဂံစာအုပ်တိုက်မှ စုပေါင်းထုတ်ဝေထားခြင်းဖြစ်သည်။ နှစ်ခြိုက်စွဲလမ်းဖတ်ရှုဖြစ်အောင် ဆွဲဆောင်နိုင်သော စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ခရီးသွားစာပေများကို ဖတ်ရှုရသည့်အခါ ထူးခြားသည့် အရသာတစ်မျိုးကို ခံစားရပါသည်။ ဒေါ်ဒဂုန်ခင်ခင်လေး၏ မြန်မာပြည်အနှံ့ခရီးသွားဆောင်းပါးများလို၊ လူထုဒေါ်အမာ၏ အညာသူများပင်လယ်သွားလို၊ ဆရာမြသန်းတင့်၏ မေရီပိုဗေးနှင့် အီကွေတာညများလိုမှစ၍ Beauty မဂ္ဂဇင်းမှ ဆရာဆူးငှက်၏ ရွှေစာရံဘုရားပွဲလို ဆောင်းပါးမျိုးအထိပင်ဖြစ်ပါသည်။ စာရေးဆရာတို့ စာရေးကောင်း၊ အဖွဲ့အနွဲ့ကောင်း၍ နှစ်သက်စွဲလမ်းရတာရှိသလို၊ မိမိရောက်ဖူးသည့် ဒေသပင်ဖြစ်စေကာမူ မိမိမမြင်ခဲ့ဖူးသော ရှုထောင့်မှ မြင်ကွင်းသစ်များသည် လည်းကောင်း၊ မိမိရောက်ဖူးသောဒေသမှ မိမိအတွေ့အကြုံကို ပြန်လည်လွမ်းဆွတ်

mgyoe.com

mgyoe.com





မြင်ယောင်လာစေမှုများသည် လည်းကောင်း ကြည်နူး ကျေနပ်ဖွယ်ကောင်းလှသည်။

သတင်းစာများတွင် ရေးသားခဲ့ဖူးသော ဦးသိန်းဖေမြင့်၏ ခရီးသွားဆောင်းပါးများကို ကျွန်တော်တို့ မှတ်မိစွဲလမ်းနေသည်များ ရှိပါသည်။ ရေဆင်းမှာဆုံကြမယ်ကဲ့သို့ ဆောင်းပါးမျိုး၊ သည်တစ်ခါအညာပြန်နှင့် ပုပ္ပါးဆောင်းပါးများ စသည်တို့ဖြစ်ပါသည်။ ယင်းတို့ထဲတွင် 'ပြည်သူ့ကြားမှာ အမှန်ရှာ' စာအုပ်တွင် မပါဝင်သေးသော ခရီးသွား သတင်းစာဆောင်းပါးများ အများအပြား ရှိသေးသည်ကို အမှတ်ရသည်။ ပြန်လည်ရှာဖွေ ဖတ်ရှုမိသည်။ အိမ်တွင် ကိုက်ညှပ်သိမ်းဆည်းထားသည့် သတင်းစာဖြတ်ပိုင်းများ၊ စာကြည့်တိုက်အသီးသီးတွင် သွားရောက်ရှာဖွေ ဖတ်ရှုရင်း မိတ္တူကူးယူခဲ့သော သတင်းစာဆောင်းပါးများ၊ ဆရာ ဦးသိန်းဖေမြင့်ကိုယ်တိုင် စု

mgyoe.com

mgyoe.com



စည်း သိမ်းဆည်းထားသော သတင်းစာဖြတ်ပိုင်းများ စသည်စသည်တို့ထဲမှ ထုတ်နုတ်ရွေးချယ်၍ ယခုကဲ့သို့ စာအုပ်ထုတ်ဝေရန် စီစဉ်ဖြစ်ခဲ့ပါသည်။ ဤသို့ဖြင့် ယခု စာအုပ်သည် အရင်က စာအုပ်အဖြစ် မထုတ်ဝေဖူးသေးသော ဆရာသိန်းဖေမြင့်၏ ခရီးသွားဆောင်းပါးများ စုစည်းထားသည့် စာအုပ်ဖြစ်လာပါသည်။ ပြည်သူကြားမှာ အမှန်ရှာ အမှတ် (၂) ဟုဆိုရပါမည်။

သို့ရာတွင် စာအုပ်အမည်ပေးရာ၌မူ၊ ဆရာ့အိမ်တွင် စုဆောင်းသိမ်းဆည်းထားသည့် ဆောင်းပါးများအကြားတွင် ခရီးသွားဆောင်းပါးအချို့ကို သီတွဲ၍ ဆရာ့လက်ရေးဖြင့် ဆရာကိုယ်တိုင် အမည်ပေးခေါင်းစဉ်တပ်ထားသော 'တောတောင်ရေမြေ ဘိုးဘွားအမွေ' ကိုပင် ဤစာအုပ်၏ အမည်အဖြစ် ခေါင်းစဉ်တပ်လိုက်ပါသည်။

ဆရာ့စာမူများကို မွေနှောက်ကြည့်ရှုခွင့်ပေး၍၊ ပြန်လည်ထုတ်ဝေရန် ခွင့်ပြုခဲ့သော ဆရာ့ဇနီး ဒေါ်ခင်ကြည်ကြည်အားလည်းကောင်း၊ ရှာဖွေဖတ်ရှုလိုသမျှကို အားတက်သရော ကူညီပေးခဲ့ကြသည့် ရန်ကုန်တက္ကသိုလ်ပင်မစာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်တို့မှ ဝန်ထမ်းများနှင့် စာကြည့်တိုက်မှူးများအား လည်းကောင်း၊ စုဆောင်းသိမ်းဆည်းတတ်သော ကိုဇော်လင်းအားလည်းကောင်း၊ ဤဆောင်းပါးများပါ ဒေသများဆီသို့ လှည့်လည်ကြည့်ရှုဖြစ်အောင် ကူညီခဲ့သော ကိုခွန်သာအား လည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။

ဆရာသိန်းဖေမြင့်သည် စာတိုစာစလေးဖြစ်စေ၊ စာအုပ်ကြီးထုထုထဲထဲကိုဖြစ်စေ ဘာကိုရေးရေး သူ၏မူအတိုင်း ခေတ်၏ပုံရိပ် (သို့မဟုတ်) ခေတ်၏နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစနစ်နှင့် လှုပ်ရှားမှုများကို သူ၏

mgyoe.com

mgyoe.com


အယူအဆသဘောတရား ထင်မြင်ချက် ဝေဖန်ချက်တို့ဖြင့် ယှဥ်လျက်ရေး၏။ ခရီးသွားဆောင်းပါးများကို ရေးသားရာ၌လည်း ဒေသနှင့် ပထဝီကိုမျှမက ဒေသနေပြည်သူတို့၏ လူနေမှုစနစ်၊ လူမှုဆက်ဆံရေး၊ အတွေးအမြင်နှင့် ခံစားချက်၊ တစ်နည်းဆိုသော် ဒေသ၏ ဦးနှောက်ကိုရော နှလုံးသားကိုပါ ဖွဲ့နွဲ့၏။

ထို့ကြောင့် ဤဆောင်းပါးစုကို ဖတ်ရှု၍ မြန်မာပြည်အနှံ့အပြား ကိုယ်တိုင်ခရီးသွားရသလို ခံစားရမည့်အပြင် ဒေသအသီးသီး စိတ်ကူးဖြင့်လှည့်လည်ရင်း၊ ခေတ်တစ်ခေတ်၏ သမိုင်း တစ်စိတ်တစ်ပိုင်းကိုပါ တွေ့မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

စာအုပ်ဈေးစာအုပ်တိုက်

၁၅၊ မေ၊ ၂၀၀၀

❖

mgyoe.com

mgyoe.com

## စန္ဒကူးတောနှင့် ငှက်ပျောသီးထမ်းသမား

ကျွန်တော်သာ ပန်းချီဆရာဖြစ်၍ ပုပ္ပားမြို့ကို ပန်းချီဆွဲရသော် တောင်ပေါ်မှ ငှက်ပျောခိုင်များကိုထမ်း၍ ဆင်းလာကြသောသူများ ထည့်သွင်းဆွဲပေလိမ့်မည်။ ပုပ္ပားရောက်တိုင်း ငှက်ပျောသီးထမ်းသမားကို မြင်ရသည်။ လွန်ခဲ့သော အနှစ် ၃၀ နီးပါးတုန်းက သခင်ကိုယ်တော်မှိုင်းနှင့်အတူ ကျွန်တော်ရောက်ခဲ့စဉ် သူ့ကို ပထမဆုံး မြင်ဖူးလေသည်။ သည်ဘက်ခေတ်ရောက်တော့လည်း မြင်ရပြန်သည်။ ခုနောက်ဆုံးတစ်ခေါက်လည်း သည်နည်းပင်။

ကျွန်တော့်မှာ ပန်းချီဆရာမဟုတ်ဘဲ ကွင်းဆင်းလေ့လာသော စာရေးဆရာတစ်ဦးဖြစ်သဖြင့် ငှက်ပျောသီးထမ်းသမားဘဝကို လေ့လာချင်နေပေသည်။ ပုပ္ပားရောက်သည့် ပထမနေ့တွင် မြေကျေးရှင်းဉယျာဉ်ထဲမှာ စပျစ်ပင်စိုက်သည့်အလုပ်နှင့် ပေါင်းသင်သည့် အလုပ်များတွင် ဝင်ပါလေသည်။ အလုပ်သမားတစ်ဦးနှင့် စကားစပ်မိပြီး နောက်တစ်နေ့ ငှက်ပျောသီးထမ်းလိုက်ရန် ပြောလေသည်။

mgyoe.com

mgyoe.com


ပုပ္ပားတောင်မကြီးပေါ်သို့တက်လျှင် လေ့လာစရာတွေ အတော်များသည်။ ကော်ဖီခြံတွေလည်း ရှိသည်။ သစ်တောပြန်လည် ပျိုးထောင်သည့် လုပ်ငန်းတွေလည်း ရှိသည်။ စန္ဒကူးပင်တွေ စိုက် စမ်းနေသည့် ခြံကြီးလည်း ရှိသည်။ ဦးခန္တီ၊ ဦးနုနှင့် ဦးကျော်ငြိမ်းတို့၏ ဘုရားများလည်း ရှိသည်။ ကျွန်တော်သည် အထူးသဖြင့် စန္ဒကူးတောကို ကြည့်ချင်သည်။ စန္ဒကူးဆိုသည်မှာ မြန်မာ့အစဉ်အလာအရ အထွတ်အမြတ်ထားသော သစ်သားမဟုတ်ပါလော။

ထို့ကြောင့် ဒုတိယနေ့တွင် တောင်ပေါ်တက်၍ စန္ဒကူးတော ကြည့်ပြီးနောက် ငှက်ပျောသီးထမ်း ဆင်းရန် စီစဉ်လိုက်လေသည်။ သို့သော် တကယ်လုပ်တော့ ထို့ထက် ပိုသွားလေသည်။

ပထမဦးဆုံး ပေ ၄၉၈၅ ပေမြင့်သော အမြင့်ဆုံး ပုပ္ပားတောင်ထိပ်သို့ ရောက်အောင်တက်လေသည်။ မြေကျေးရှင်းဥယျာဉ်မှ ခရီး လေးမိုင် နှစ်ဖာလုံဝေးသည်။ စန္ဒကူးတောနှင့် ငှက်ပျောခြံတို့ကို အပြန်မှဝင်ရန် ချန်ထားခဲ့၏။ ထိုတောင်ထိပ်သို့မရောက်ခင် ပေ ၄၄၀၀ မြင့်သော ဦးနုရိပ်သာသို့ ရောက်၏။ ဒရဝမ်ကို ကျွန်တော်က ပြောသည်။

"ရန်ကုန်မှာတော့ ပထစ အချို့က ပြောနေတယ်တဲ့ဗျ။ ဦးနု ဈာန်ရသွားလို့ ပုပ္ပားရောက်နေပြီတဲ့"

ဒရဝမ် –

"တချို့ ဒီရောက်တဲ့လူတွေကလည်း မေးကြသဗျ၊ သူ့ ရိပ်သာတံခါးတွေ ပိတ်ထားလို့ တွေးကြတာနှင့် တူပါတယ်ဗျာ။ အခု ခင်ဗျားပြသလို လူတိုင်းလုပ်ပြတာမှ မဟုတ်ဘဲဗျာ။ တွေးကောင်းချင်တိုင်း ကောင်းနေကြတာပေါ့"

ဦးနုရိပ်သာ၏ မြောက်ဘက်၌ တည်းခိုခန်း ဖိခန်းရှိသော အဆောက်အအုံတစ်ခု ရှိသေးသည်။ ဦးနုရိပ်သာမှာရော ထိုအဆောက်အအုံမှာပါ အိမ်ထောင်ပရိဘောဂများသည် ချိပ်ဆေးရောင် ပြောင်လက်နေတုန်း ဖြစ်၏။ ကြမ်းပြင်များလည်း ပြောင်လက်နေ၏။

ဦးနု ၄၉ရက် အဓိဋ္ဌာန် တရားအားထုတ်စဉ်က တောင်ခြေမှတောင်ထိပ်သို့ တယ်လီဖုန်း ဆက်ထားသည်။ ယခုအခါ ထိုကြိုးများမှာ အလကား

mgyoe.com

mgyoe.com

ဖြစ်နေ၏။ အဆောက်အအုံများလည်း အလကားဖြစ်နေ၏။

ဒရဝမ်ကို ကျွန်တော်ကမေးသည်။

"ဦးနုရိပ်သာကတော့ ဘာအတွက် ဆောက်တယ်ဆိုတာ သိပါပြီ၊ ဟိုဘက်က တည်းခိုခန်း ခြောက်ခန်းနှင့် အဆောက်အအုံက ဘာလုပ်ဖို့လဲ"

"နိုင်ငံခြားပါရဂူတွေနှင့် အစည်းအဝေးထိုင်ကြဖို့ဆို ထင်ပါရဲ့ဗျာ။ မိုးခေါင်ရေရှားဒေသ သာယာစိုပြည်ရေးအတွက်တဲ့"

ကျွန်တော် –

"ဦးနုကတော့ ပြည်တော်သာဖို့အတွက် ဘုရားမှာ ဆုတောင်း၊ နတ်သိကြားနှင့် တိုင်ပင်၊ နိုင်ငံခြားသားတွေနှင့် အစည်းအဝေးတွေထိုင်၊ ပြီးတော့ စီမံကိန်းတွေဆွဲ။ သူ မလုပ်တာ တစ်ခုပဲကျန်တယ်။ အလုပ်တကယ်လုပ်မည့် လူထုနှင့်ပဲ မတိုင်ပင်ဘဲ ထားတယ်"

ယခု အသုံးမဝင်ဖြစ်နေသော အဆောက်အအုံများကို ရာသီဥတုလေ့လာရေးဌာနနှင့် နက္ခတ္တဗေဒ လေ့လာရန်ဌာနများ ပြုလုပ်ရန်ကောင်းသည်ဟု ကျွန်တော်စိတ်ကူးမိလေသည်။ အမှန်မှာ ဤအဆောက်အအုံများကို ဘယ်ဌာနမှ ပိုင်သည်ဟုပင် သတ်မှတ်ရန်ခက်၏။ ဦးနုနန်းကျပြီးနောက် ဤအဆောက်အအုံများအတွက် ငွေချေရန် ဌာနအချင်းချင်း အငြင်းပွားနေရသေးသည် ဆို၏။

ဦးနုရိပ်သာ ကြည့်ပြီးနောက် ဦးခန္တီဘုရားသို့ တက်ရသည်။ ထို့နောက် သူ့ထက်မြင့်သော ဦးနုဘုရားသို့ တက်ရလေသည်။ အမြင့်ဆုံးတက်ရသော ဘုရားမှာ ဦးကျော်ငြိမ်း၏ဘုရား ဖြစ်လေသည်။ ဘုရားအမြင့်ပြိုင်ရင်း သူတို့နှစ်ယောက် ကွဲကြလေသလား၊ (သို့မဟုတ်) ကွဲပြီးမှနိမိတ်ယူပြီး ဦးကျော်ငြိမ်းက ပိုမြင့်အောင် တည်လေသလား မသိပါ။ သို့သော် ထူးခြားသည်မှာ ဦးကျော်ငြိမ်း၏ဘုရားသည် မှန်ချိန်သော ကျောက်ခုံကို မျှိုတည်ထားခြင်းဖြစ်သည်။ အဆက်ဆက်သော အစိုးရတို့သည် အမြင့်ဆုံးနေရာတွင် ကျောက်ခုံတစ်ခုကို တည်ထား၏။ ထိုခုံပေါ်မှနေပြီး မြေမျက်နှာသွင်ပြင်ကို မှန်ချိန်ရ၏။ ထို့ကြောင့်ပင် ထိုတောင်ကို မှန်ပြတောင် ဟူ၍ ခေါ်ကြလေသည်။ ဘုရားငုံတည်လိုက်သဖြင့် ဆိုင်ရာ အစိုးရဌာနသည် ဦးကျော်ငြိမ်းဘုရား၏ မြောက်ဘက်တွင် ကျောက်ခုံတစ်ခု ထပ်တည်ထားရလေသည်။ ဦးကျော်ငြိမ်းအား

mgyoe.com

mgyoe.com


တရားလည်း မစွဲဝံ့၊ လျော်ကြေးလည်း မတောင်းရဲရှာကြပေ။

ကျွန်တော်သည် ဦးကျော်ငြိမ်းဘုရားပေါ်မှနေပြီး အရပ်ဆယ်မျက်နှာသို့ ကြည့်လိုက်ပါသည်။ မိတ္ထီလာဘက်ကို တိမ်များ ဖုံးလွှမ်းထားသဖြင့် ဘာမျှမမြင်ရချေ။ ဧရာဝတီမြစ်နှင့် အနောက်ရိုးမကို မြင်နေရ၏။ ပုဂံညောင်ဦးတို့ကို ရေးရေးနှင့် ကျောက်ပန်းတောင်းကို ကောင်းစွာမြင်ရသည်။ နာမည်ကြီးသော ပုပ္ပားတောင်ကလပ်ကား တောင်ခြေမှာ ရဲတိုက်နှင့် တူစွာထောင်နေသော ကျောက်ဆောင်တစ်ခုမျှသာ ရှိလေသည်။ ကျွန်တော့်ရှေ့မှာကပ်နေသည်ကား မီးတောင်အပေါက်ဝကြီးပင်တည်း။ ခုတော့ တောနက်ကြီးဖုံးနေသော ကတော့ကြီးဖြစ်၏။ သို့သော် ကတော့ကြီးမှာ မြောက်ဘက်တွင် ပွဲ့နေ၏။ နှစ်ပေါင်းများစွာတုန်းက ချော်ရည်များ ယိုစီးထွက်ရာ ချောင်းကြီးပင်တည်း။

ကျွန်တော်တို့သည် ဦးနုရိပ်သာသို့ ဆင်းခဲ့ပြီးနောက် အစိုးရကော်ဖီခြံသို့ ဖြတ်လမ်းမှ ဆင်းခဲ့ကြလေသည်။ လေမှာ အရမ်းတိုက်နေသည်။ ယခုအချိန် ပုပ္ပားကား လေသံအမြဲ ကြားနေရသော ပုပ္ပားဖြစ်၏။ မိုးတိမ်များက သစ်ပင်များကိုရော ကျွန်တော်တို့ကိုပါ တိုးဝှေ့သွားကြလေသည်။ မိုးဟူ၍ကား မရွာပါ။ သို့ရာတွင် လမ်းတွေ စိုနေသည်။ ကျွန်တော်မှာ နှစ်ကြိမ်ချော်လဲ၏။ မြေက အလွန်မာလှသဖြင့် တင်ပါးရောင်သည်အထိ အထိနာသွားလေသည်။ ဖြတ်လမ်းဆိုသည့်အတိုင်း မတ်စောက်လှပေသည်။ လက်တစ်ဖက်က ဝါးရင်းတုတ်ဖြင့်ထောက်၊ လက်တစ်ဖက်က မြက်ပင်၊ နွယ်ပင်၊ သစ်ကိုင်းစသည်ဖြင့် ရသမျှဆွဲကာ ဆင်းရလေသည်။ ဤသို့ဖြင့် ပေတစ်ထောင်ကျော်ဆင်းရသည်မှာ မသက်သာပါ။

ကော်ဖီခြံမှာ ကောင်းစွာ သီးနေလေပြီ။ သစ်တောဌာနပိုင် တောထဲတွင် မြေကျေးရှင်းက စိုက်ထားသည်ဖြစ်ရာ အဖုအထစ်တွေဖြစ်နေသည်။ ကော်ဖီကောင်းသည်ထက်ကောင်းအောင် မြေကျေးရှင်းက ပေါင်းရှင်းချင်သည်။ သစ်တောရေးမှ ခွင့်မပြု။ သစ်တောရေးအဖို့ အရေးကြီးနေသည်မှာ မြေတွေရေထဲတိုက်စား ပါမသွားရေးနှင့် ပုပ္ပားတောင်မှာ သစ်ပင်တွေ များများပေါက်ရေးသာ ဖြစ်လေသည်။

ပုပ္ပားတောင် သစ်တောပြန်လည်ထူထောင်ရေးမှာ အတော်အောင်မြင်

mgyoe.com

mgyoe.com


နေသည်။ ပေ ၃၀၀၀ နှင့်အောက်မှာ သစ်ပင်တွေ မခုတ်ရဟု ပိတ်ထားလိုက်ရုံဖြင့် လေးငါးနှစ်အတွင်း တောသစ်များဖြစ်လာခဲ့ပြီ။ ပေ ၃၀၀၀ အထက် ၄၀၀၀ အထိကြားမှာ စိုက်ထားသော သစ်ပင်များ ကြီးထွားလာပြီ။ ၄၀၀၀ အထက်မှာကား သစ်ပင်သစ်များ မထနိုင်ဘဲ ရှိနေ၏။ သို့သော် သေတော့မသေကြပေ။

ကော်ဖီခြံတွင် ငှက်ပျောပင်များ ရှိသည်။ ကျွန်တော် ထမ်းရန် ဆယ်ဖီးစီလောက်ပါသော ငှက်ပျောခိုင် နှစ်ခိုင် ခုတ်လေသည်။ ငှက်ပျောခိုင်များကို ထမ်းပိုးဖြင့်ထမ်းရာ မလေးလံလှပါ။ သို့သော် မထမ်းတတ်သဖြင့် ငှက်ပျောခိုင်များမှာ ယမ်းချင်တိုင်း ယမ်းနေ၏။ အဆင်း စောက်နေသဖြင့် ချော်လဲဦးမည်ကိုလည်း ကြောက်နေလေသည်။ ထို့ကြောင့် အဖော်ဖြစ်သူ ကိုယ်ကကျွန်တော့်ကို သနားလာပြီး အတင်းယူ၍ ထမ်းလေတော့သည်။ နောက်ကျွန်တော်တို့တည်းခိုသော မြေကျေးရှင်း ဗိုလ်တဲနှင့် နှစ်မိုင်အလို ရောက်သောအခါ ကျွန်တော် ထမ်းခဲ့လေသည်။ ငှက်ပျောခိုင်နှစ်ခိုင်မှာ ပုပ္ပားမှကလေးများ ထမ်းသလောက်သာ ရှိလေသည်။ လူကြီးများမှာ သည့်ထက် နှစ်ဆ သုံးဆထမ်းကြ၏။ သို့သော် ကျွန်တော့်မှာ ဖတ်ဖတ်မောနေလေသည်။ လေတဟူးဟူးနှင့် မိုးတိမ်တွေ တိုးဝှေ့ဖြတ်သန်း သွားသောကြောင့် အေးနေသောအချိန်တွင် ကျွန်တော့်မှာ ချွေးသီးချွေးပေါက်များ ကျနေသည်။ ချွေးများ မျက်လုံးထဲ ဝင်ဝင်လာသေးသဖြင့် မျက်နှာသုတ်ပဝါဖြင့် ခဏခဏ သုတ်ရလေသည်။ လှုပ်ယမ်းနေသော ငှက်ပျောခိုင်ကို ငြိမ်အောင်ထိန်းရသည်မှာလည်း အမောပေ။

စန္ဒကူးတောသို့ ရောက်လာသဖြင့် ကျွန်တော်များစွာ စိတ်သက်သာရာရသွားပေသည်။ စန္ဒကူးနံ့ ရှုရှိုက်ရမည်ဖြစ်၍ မဟုတ်ပေ။ ငှက်ပျောခိုင်ကိုချကာ စန္ဒကူးပင်များ ကြည့်ရန် ရပ်နားခွင့် ရသောကြောင့် ဖြစ်လေသည်။ စန္ဒကူးပင်ပျိုတို့မှာ လူတစ်ရပ်သာသာမျှသာ ရှိကြသေးသည်။ သစ်ပင်ချိုး၍ နမ်းကြည့်လည်း အနံ့ရဦးမည် မဟုတ်ပေ။ သို့သော် စန္ဒကူးတောကို ကျွန်တော် ကျေးဇူးတင်သည်။ စန္ဒကူးတောကို ရပ်ပြီးမကြည့်ဘူးဆိုလျှင် ကျွန်တော်သည် မခံချင်စိတ်ဖြင့် မောချင်သလောက် မော၊ မနားဘဲဆက်သွားနေပေလိမ့်မည်။

mgyoe.com

mgyoe.com

စန္ဒကူးတောမှ တစ်မိုင် တိတိ ဆက်ထမ်းပြန်သောအခါ ငှက်ပျောသီးထမ်းသမားသည် မြေကျေးရှင်းဥယျာဉ်အနီးသို့ ရောက်လေတော့သည်။ ဤငှက်ပျောသီးထမ်းသမားကိုမြင်သူ မိန်းကလေးနှင့် ယောကျာ်းကလေးတို့က ကျွန်တော့်အဖော် ကိုငယ်အား

"ဘယ့်နှယ်လဲ ဦးလေးငယ်၊ ဘာကြောင့် ဧည့်သည်ကို အထမ်းခိုင်းရတာလဲ"ဟု မေးကြလေသည်။ ကျွန်တော့်အား ငှက်ပျောသီးထမ်းသမားအစစ်မဟုတ်ကြောင်း သူတို့ချက်ချင်းသိကြလေသည်။ မျက်မှန်နှင့် လက်ပတ်နာရီကြောင့်လော။ သို့မဟုတ် လှုပ်ယမ်းနေသော ငှက်ပျောခိုင်များကြောင့်လော မပြောတတ်ပေ။

ကျွန်တော့်လုပ်ခကို တွက်ကြည့်သည်။ ပြား ၄၀ ထက် မပိုနိုင်ချေ။ သို့သော် ကျွန်တော့်မှာ အဖိုးအခ မဖြတ်နိုင်သော အတွေ့အကြုံကို ရပါသည်။ စန္ဒကူးတောကို ကျေးဇူးတင်၍မဆုံးနိုင်သော ငှက်ပျောသီးထမ်းသမား၏ ဘဝခံစားမှုနှင့် စာနာထောက်ထားမှုများ ဖြစ်ပေသတည်း။

ဗိုလ်တထောင်သတင်းစာ၊ ၃၀၊ ဩဂုတ်၊ ၁၉၆၃

❖

mgyoe.com

mgyoe.com

# ပုပ္ပားနောက်ကွယ် နဂါးလယ်

ပုပ္ပားရောက်သောတစ်ခေါက်တွင် သစ်တောဝန်ထောက် ဦးသာလှနှင့် တွေ့ရလေသည်။ ဦးသာလှမှာ ကချင်ပြည်နယ်တြိဂံဒေသ တောင်ပေါ်များသို့ မစ္စတာကင်းဒမ်းဝေါ့ဒ်နှင့်အတူ တောင်ဇလပ်မျိုးစုံ စုဆောင်းရန် လိုက်သွားဖူးသူ ဖြစ်လေသည်။

ဦးသာလှက ပုပ္ပားတောင်ထိပ်ဖြတ်ပြီး ဟိုတစ်ဖက်ရှိ နဂါးလယ်ရွာသို့ ဆင်းမည်ဟု ကျွန်တော့်အားပြောပြလေရာ ကျွန်တော်လည်း သူ့လိုပင် ပုပ္ပားနောက်ကွယ်ရှိ နဂါးလယ်ရွာသို့ ပုပ္ပားတောင်ထိပ်ကိုဖြတ်၍ သွားချင်လေသည်။ သို့သော် ထိုတစ်ခေါက်တုန်းက ဆန္ဒ မပြည့်ဝခဲ့ချေ။

ယခုတစ်ခေါက် ပုပ္ပားအရောက်တွင် ယင်းဆန္ဒပြည့်ဝခဲ့ပေ၏။

စင်စစ်အားဖြင့် ရှော်တော၊ ဆယ်ရွာနှင့် နဂါးလယ်ရွာများသည် ပုပ္ပားတောင်၏ အရှေ့ဘက်၌ ရှိကြ၏။ သို့သော် သူတို့ကား ပုပ္ပားနောက်ကွယ်မှာ ချောင်ကျစွာ နေရသောရွာများဖြစ်နေ၏။ ပုပ္ပားမြို့သည်လည်းကောင်း၊ ပုပ္ပား တောင်ကလပ်သည်လည်းကောင်း၊ ပုပ္ပားတောင်၏

mgyoe.com

mgyoe.com


အနောက်ဘက်မှာ တည်ရှိကြပြီး ပုပ္ပား၏ မျက်နှာစာ ဖြစ်နေပေသည်။ ရှေးဟောင်းမြန်မာခေတ်၏ အထွတ်အထိပ် ပုဂံမြို့သည်လည်းကောင်း၊ အင်္ဂလိပ်အရင်းရှင်ခေတ်၏သရဖူ ရေနံချောင်းသည်လည်းကောင်း၊ လွတ်လပ်သော ပြည်ထောင်စု ဖဆပလခေတ်၏ မကိုဋ် မြင်းခြံသည်လည်း ကောင်း၊ ပုပ္ပား၏အနောက်ခြမ်းကိုသာ မျက်နှာစာပြုခဲ့၍ အရှေ့ဘက်မှ ရှော်တောနှင့် နဂါးလယ်တို့ကို ချောင်ထိုးထားခဲ့လေသည်။ ထိုရွာများသည် ကျောက်ပန်းတောင်း – မြင်းခြံ လမ်းကြီးနှင့်လည်းကောင်း၊ ကျောက်ပန်း တောင်း – မိတ္ထီလာ လမ်းမကြီးနှင့်လည်းကောင်း လွန်စွာဝေးသည်။ အခြား နေရာများတွင် လှည်းလမ်းရှိလျှင် ဂျစ်ကားနှင့် လော်ရီသွားနိုင်သော်လည်း ဤနေရာများမှာ ထိုသို့မဟုတ်ချေ။

နဂါးလယ်မှ လူကြီးတစ်ဦးက ဤသို့ ပြောသည်။ မြန်မာပြည်တွင် မိုးခေါင်ရေရှားဒေသသည် အောက်ကျနောက်ကျ အနိုင်ဆုံးဖြစ်သည်။ မိုး ခေါင်ရေရှားဒေသတွင် မြင်းခြံခရိုင်၊ မြင်းခြံခရိုင်တွင် ကျောက်ပန်းတောင်းမြို့ နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ရှော်တောနှင့် နဂါးလယ်ရွာတို့သည် အောက်ကျနောက်ကျ အနိုင်ဆုံးဖြစ်သည်။

ယင်းသို့ ချောင်ကျ အောက်ကျနောက်ကျဖြစ်ခြင်းကြောင့်ပင်လျှင် တစ်ခါက သူပုန်စခန်းများ ဖြစ်ခဲ့သည်။ ရှော်တောက ရဲဘော်ဖြူ၊ နဂါးလယ် က ကွန်မြူနစ်၊ ရဲဘော်ဖြူက စက်သေနတ်ကြီးများနှင့် ကွန်မြူနစ်က ဆင်ကြီး များနှင့် သူတို့အချင်းချင်းလည်း တိုက်၊ အစိုးရကိုလည်း တိုက်ခဲ့ကြသည်။ တစ်ခါသော် ရန်သူ သူပုန်ကိုသာမြင်ပြီး လူထုမျက်နှာကို မထောက်ထားသော ဖဆပလစစ်တပ်များသည် ဤရွာများကို မီးရှို့ခဲ့ဖူးသည်။ သူတို့၏ ငှက်ပျောခြံ များကို ခုတ်လှဲပစ်ခဲ့ဖူးသည်။ နွားများပင် ဝအောင် မကျွေးနိုင်သော ရွာများ သည် သူပုန်တို့၏ဆင်များကို ကျွေးခဲ့ရလေသည်။

ထိုရွာများသို့ ကျွန်တော် ရောက်သွားခဲ့၏။

ပထမဦးစွာ ကျွန်တော်တို့သည် တောင်ထိပ်သို့အရောက် တက်ကြရ သည်။ သခင်နု၏ ရိပ်သာတွင် ညအိပ်ကြ၏။

တောင်ထိပ်သို့ ယခင်ကလည်း တက်ရောက်ဖူးကြပြီးဖြစ်သော ကျွန် တော့်သားအလတ် မောင်အာသာမြင့် (၁၃ နှစ် မပြည့်တတ်သေးသူ) နှင့်

mgyoe.com

mgyee.com


သားအငယ် မောင်ခွန်သာ (၁၀ နှစ် မပြည့်တတ်သေးသူ) တို့လည်း ပါလာကြသည်။ နောက်တစ်နေ့ နံနက်အစောကြီးထပြီး သခင်နုဘုရားနှင့် ဦးကျော်ငြိမ်းဘုရားတို့ဆီသို့ တက်ကြရသည်။ သခင်နုဘုရားအနီးမှနေပြီး အရှေ့တောင်ဘက်ရှိ ရှော်တောရွာသို့ ဆင်းကြရ၏။ သခင်နုရိပ်သာစောင့် ဦးသန်းဖေ၊ မြေကျေးရှင်းဥယျာဉ်မှ ကိုမောင်ငယ်၊ မြေကျေးရှင်း ကျင်းမကော်ဖီခြံမှ ကိုဂုဏ်ပေါ်နှင့် တောခေါင်း မောင်ဘငွေတို့လည်း လိုက်ပါလာကြသည်။ သူတို့သာလျှင် တောကျွမ်းကြ၏။

ပထမတွင် မီးသတ်လမ်းဖြင့် ဆင်းကြရ၏။ (တောမီးလောင်လျှင် တစ်တောင်လုံး ပျံ့မသွားအောင် ရှင်းထားရသော မီးတား မီးကွင်းလမ်းဖြစ်သည်။) ထိုလမ်းအောက်ပိုင်းသို့ ရောက်သောအခါ သက်ငယ်ရိတ်သော မိန်းမများကို တွေ့ရ၏။ အမှန်စင်စစ် သက်ငယ်ရိတ်ခြင်းကို တားမြစ်ထားသည်။ သို့သော် အိမ်သုံးအတွက် သက်ညှာခွင့် ပေးထားရ၏။

သူတို့နှင့်တွေ့ပြီးနောက် ကျွန်တော်တို့သည် 'အိုင့်'ကြီးထဲသို့ ဆင်းကြရလေသည်။ ထိုအိုင့်ကြီးမှာ ပုပ္ပားတောင်တွင် ရှားရှားပါးပါး မပြုန်းမတီးကျန်ရစ်သော သစ်တောဟောင်းကြီး တည်ရှိသည်။ စိမ့်ကြီးမြိုင်ကြီး ဖြစ်နေ၏။ ဝိဇ္ဇာဓော်ဂျီနှင့် ရသေ့ကြီးများသည် ဆေးမြစ်စွမ်းများနှင့် ဂမုန်းဆန်းများ သိုက်တဘောင် စာတမ်းများအရ ရှာဖွေကြပုံ၊ ၇ ရက် ၇လီ ဥပုသ်ဆောက်တည်နေသော စပါးကြီးမြွေများ သူတော်ကောင်းပုံ၊ နတ်ကျားနှင့် မုဆိုးတစ်ဦးကိုတစ်ဦး ရှောင်ကွင်းကြပုံ၊ နတ်ကြီးသော သစ်ပင်များ ခုတ်လှဲမိသောလူများ သေကျေပျက်စီးရပုံ ဒဏ္ဍာရီမျိုးစုံကို ဖြစ်ပေါ်စေသော တောကြီးဖြစ်၏။

ထိုတောထဲ ဆင်းရခြင်းမှာ နံရံကြီးတွယ်ဆင်းရသလို မတ်စောက်လှပေသည်။ မြေတွေကလည်း မွနေ၏။ ဆွဲကိုင်စရာ သစ်ပင်သော်လည်းကောင်း၊ ကန်စရာ ကျောက်ခဲသော်လည်းကောင်းမရှိလျှင် တဖုတ်ဖုတ် လဲပြီး လျှောကျသွားနိုင်သည်။ ကျွန်တော်သည် လွန်စွာခက်ခက်ခဲခဲဆင်းရင်း သက်ငယ်တွေ ရွက်ရ၊ ထမ်းရသောမိန်းမများ ဘယ်သို့ ဆင်းနိုင်ကြသည်ကို မစဉ်းစားတတ်အောင် ရှိနေလေသည်။

မဆုံးနိုင်သောတောကြီးမှ ထွက်လျှင် မဆုံးနိုင်သော ၄က်ပျောခြံများသို့

ဝင်ရလေသည်။ ငှက်ပျောခြံများတွင် သစ်ပင်ကြီးအချို့ တည်နေသေးသည်။ သရက်၊ ပိန္နဲ စသော စားသုံးပင်များ ဖြစ်၏။ လက်ပံခါး စသော ဆေးဖက်ဝင်သော အပင်များကိုလည်း တွေ့ရသေး၏။ ၎င်းနောက် ပြုန်းနေသော ကျွန်းတောတစ်ခုသို့ ရောက်လာလေသည်။ ကျွန်းပင်ငုတ်တိုများမှ အတက်ကြီးများ ထွက်နေပါပြီ။ တချို့မှာ ကျွန်းပင်ပျိုများ ဖြစ်နေပေပြီ။ သို့သော် ကျွန်းတောကြီး ပြန်စည်ကားရန် အနှစ် ၅၀ ထက် မနည်း စောင့်ကြရလိမ့်ဦးမည်။

ပြုန်းနေသော ကျွန်းတောအလယ်တွင် ရော်တောရွာ တည်ရှိလေသည်။

မူလကအစီအစဉ်မှာ ရော်တောရွာမှာ ခဏဝင် စကားစမြည်ပြောပြီး နဂါးလယ်ရွာသို့ သွားကြရန်ဖြစ်သည်။ နဂါးလယ်ရွာမှာ ထမင်းစားပြီး နေ့ခင်း နေခိုကာ တောင်ပေါ်ရွာသို့ သွားကြရန်ဖြစ်၏။ သို့သော် ရော်တောရွာမှာ သွားတွေ့သော တောခေါင်း ကိုထွန်းအောင်က အစီအစဉ်ကို ပြောင်းလိုက်လေသည်။ ရော်တောရွာမှာ ဆွေးနွေးပွဲလုပ်ရ၏။ ထမင်းလည်း စားရ၏။ ပြီးနောက် ဆယ်ရွာသို့ သွားကြသည်။ ဆယ်ရွာတွင် ဆွေးနွေးပွဲ လုပ်ပြီး နေ့ခင်း နေမခိုရတော့ဘဲ နဂါးလယ်ရွာသို့ ဆက်ကြရသည်။ နဂါးလယ်ရွာမှာ ဆွေးနွေးပွဲ လုပ်ကြရပြန်၏။ တောင်ပေါ်ရွာသို့ ရောက်သောအခါ မှောင်စပြုပြီဖြစ်၍ ဆွေးနွေးပွဲ မလုပ်နိုင်တော့ချေ။

ထိုနေ့က ကျွန်တော်တို့ခရီးသွားခြင်းမှာ ပုပ္ပားတောင်ကတော့ကြီးကို ပတ်၍သွားခြင်း ဖြစ်လေသည်။

မူလကရည်ရွယ်ခဲ့သည်မှာ တောဟောင်း တောသစ်များနှင့် တောကြပ်တောခေါင်းတို့၏ ဘဝကို လေ့လာရန်သာ ဖြစ်သည်။ ယခုမူ ခြံသမား၊ ယာသမားတို့၏ ဘဝကို လေ့လာခြင်းလည်း ဖြစ်နေပေသည်။

ရော်တောသူကြီး တစ်ပိုင်လုံးအတွက် မနှစ်က အမတော်ကြေး ငွေ ၈၅ဝိ သာ ရရှိခဲ့လေသည်။ ငှက်ပျောခြံတွေများပြီး ယာခင်းက အလွန်နည်း၏။ အမတော်ကြေးမှာ ယာခင်းအတွက်သာပေးသဖြင့် ဤမျှ အမတော်ကြေး နည်းနေခြင်းဖြစ်ပေသည်။ စိုက်ပျိုးရေးဌာနအကြီးအကဲတို့သည် ငှက်ပျောသီးနှင့်ပတ်သက်၍ သဘောထားမမှန်ကြပေ။ ပုပ္ပားတစ်ဝိုက်တွင် မြေဆီမြေလွှာ မျောပါဆုံးရှုံးခြင်းနှင့် ပတ်သက်၍ ငှက်ပျောခြံတွေအပေါ်

mgyoe.com

mgyee.com


အပြစ်ပုံချလိုကြသည်။ ထို့ပြင် စပျစ်၊ သစ်တော်၊ စတော်ဘယ်ရီ စသော အစားထိုးသစ်သီးဝလံများကိုသာ အာသာငမ်းငမ်း လိုက်စားပြီး ငှက်ပျောကို မေ့ထားလိုကြသည်။ မြေဆီမြေလွှာထိန်းသိမ်းရေး အကြောင်းပြချက်ဖြင့် ငှက်ပျောခြံကို နောက်ထပ်ချဲ့ခွင့် မပြု။ အခွန်ထမ်းဆောင်၍ လုပ်ကိုင်စား သောက်နေကြသော ငှက်ပျောခြံသမားများကိုလည်း အမတော်ကြေး မပေးချေ။

ဆယ်ရွာမှာ ချည်မျှင်ရှည်ဝါစိုက်သူ အများအပြား တွေ့ရသည်။ မနှစ်က အစိုးရ၏အားပေးမှုကြောင့် ကြိုးစားပမ်းစား စိုက်လိုက်ကြရာ ချည်မျှင်ရှည်ဝါ အများအပြား ထွက်သည်။ ဈေးကလည်း သင့်လျော်သည်။ ယခုနှစ် တအားတိုး စိုက်ကြမည်ဟု စိတ်ကူးနေစဉ် ပပကမှ ရောင်းချသော ဓာတ်မြေ ဩဇာဈေးသည် အလွန်ကြီးမြင့်လာသည်။ ဓာတ်မြေဩဇာနှင့်ဆေးပုံးပါ တရင်းတနှီး ပေးဝယ်ကြရမည်ဖြစ်၍ မနှစ်ကလုပ်သည့် ထက်ဝက်ပင် လုပ်နိုင်ကြမည် မထင်ကြောင်း၊ ပပက မှ မြေဩဇာဈေးကိုလျှော့ပြီး အကြွေး ရောင်းမှသာ ဝါ ပိုမိုစိုက်ပျိုးရေး အောင်မြင်လိမ့်မည်ဖြစ်ကြောင်း ပြောပြလိုက်ကြသည်။

ရှော်တောရွာမှ ဆယ်ရွာသို့ ကူးသောအခါ လှည်းလမ်းကို မော်တော်ကား သွားဖြစ်အောင် ပြင်ထားပုံတွေ့ခဲ့ရ၏။ စုံစမ်းကြည့်ရာ မြို့နယ် လအက များ လာနိုင်ရန်၊ တောင်သူလယ်သမား အိမ်ပေါက်စေ့အရောက် အမတော် ကြေးများ ထုတ်ပေးနိုင်ရန် လမ်းပြင်ပေးထားခြင်းဖြစ်သည်ဟု သိရသည်။

ဤရွာများတွင် လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမများ ဖွဲ့စည်းနေကြလေပြီ။ သို့သော် ဖြစ်ဖြစ်မြောက်မြောက် အလုပ် မစရသေးချေ။

သူတို့ရွာများဆီသို့ အရာရှိကြီးကြီးမားမား ရောက်ဖူးခြင်းမရှိ။ သတင်း စာဆရာ၊ စာရေးဆရာဆို၍လည်း ကျွန်တော်တစ်ယောက်သာ ရောက်ဖူးခြင်း ရှိသည်ဟု သူတို့က ပြောပြကြလေသည်။ ကြုံကြိုက်ခဲလှသည်ဆိုပြီး အစား မျိုးစုံ ကျွေးကြသည်။ ငှက်ပျောသီးစားနေရာမှ ဥသျှစ်သီးစားပါဦး ဆိုလာ၍ စားရသေး၏။ ကြက်သားကို ကြော်ကျွေး၊ ချက်ကျွေးပြီးနောက် ခါသားကြော် ကျွေးသေး၏။ ထို့နောက် ကြုံကြိုက်ခဲစွာ တွေ့ကြုံရတုန်း တိုင်းပြည်သို့ တင်ပြပေးပါဟု ဆိုကာ သူတို့ပြဿနာများကို တင်ပြကြသည်။ အရေးကြီး

mgyee.com

mgyoe.com

ဆုံးမှာ ကျောက်ပန်းတောင်း – မြင်းခြံလမ်းမကြီးနှင့်လည်းကောင်း၊ ကျောက်ပန်းတောင်း – မိတ္ထီလာလမ်းမကြီးနှင့်လည်းကောင်း ဆက်ပြီး လမ်းဖောက်ပေးရန်ဖြစ်သည်။ မူလတန်းကျောင်း မရှိသောရွာက မူလတန်းကျောင်းလိုချင်ပြီး မူလတန်းကျောင်းရှိပြီးသား နဂါးလယ်ရွာမှ အလယ်တန်းကျောင်းအလိုရှိ နေပေသည်။ သူတို့သည် ကားလမ်း၊ စာသင်ကျောင်း စသည်များဖြင့် ပုပ္ပားနောက်ကွယ်မှ ချောင်ထိုးခံရွာများအဖြစ်မှ ဖွင့်ထွက်လိုကြောင်း၊ ခေတ်နှင့်အမီလိုက်လိုကြောင်း ပြောပြနေကြပေသတည်း။

ဗိုလ်တထောင်သတင်းစာ၊ ၄၊ မေ၊ ၁၉၆၄

❖

mgyoe.com

mgyoe.com

## ကျိုက်ထီးရိုးရဲ့ ဂုဏ်ကျေးဇူး

**တစ်သက်တစ်ခါတော့ ကျိုက်ထီးရိုးရောက်ဖူးမှ**

အသက် ၅၀ ကျော်လာခဲ့ပြီ။ မနေ့ကတိုင်အောင် ကျိုက်ထီးရိုး တစ်ခါတစ်ခေါက်မှ မရောက်ခဲ့ဖူးသေးဘူးဗျ။

ဟို လွန်လေပြီးသော နှစ် ၃၀ လောက်တုန်းက ကောင်ကလေးတစ်ယောက်ဟာ ချစ်သူက ကျိုက်ထီးရိုး လိုက်သွားပြီး သူက အိမ်မှာ နေရစ်ခဲ့ရလို့ သူဘယ်လို စိတ်ထဲခံစားနေရတယ်ဆိုတာ ဖော်ပြထားတဲ့ ဝတ္ထုတိုကလေး တစ်ပုဒ်တောင် ရေးဖူးသေးတယ်။

ဝတ္ထုရေးဆရာဖြစ်သူ ကျွန်တော်ဟာ ကျိုက်ထီးရိုး မရောက်ဖူးဘဲနှင့် ရေးတဲ့ဝတ္ထုတိုပဲ။

ဟိုတုန်းက ကျိုက်ထီးရိုး မသွားတဲ့ အကြောင်းတွေထဲမှာ သူများတွေ သည်လောက် အရူးအမူးဖြစ်နေတဲ့ ကိစ္စထဲ ငါမပါဘဲနေမယ်၊ အများ မိုးခါး ရေသောက်ရင် ငါမသောက်ဘူးဆိုတဲ့ အယူအဆက အကြောင်းတစ်ကြောင်း ပါတယ်။

mgyoe.com

mgyoe.com

ခုတော့ အတွေးအခေါ်က ကိုယ့်ဘက်ကချည်း မူတည်တဲ့ အတွေးအခေါ် မဟုတ်တော့ဘူး။ ခေတ်အဆက်ဆက် လူထုအများ သည်လိုသွားကြပြီး သည်လိုဖူးမြော်ကြပါလျက်၊ ငါက အထူးသဖြင့် လူထုနှင့်မကင်းကွာချင်သော ငါက ဘာလို့ မသွားနိုင်၊ မဖူးမြော်နိုင်ရမည်လဲ ဆိုတဲ့ လူအများဘက်မှနေကြည့်ပြီး လိုက်လျောသင့်တာ လိုက်လျောသော အတွေးအခေါ်မျိုးလည်း ဝင်နေပြီဖြစ်တယ်။

နောက်ပြီးတော့ သားသမီးတွေကလည်း ခဏခဏပူဆာနေကြတယ်။ ဒါ့ကြောင့် ကျိုက်ထီးရိုးကို သွားလိုက်တယ်ဗျ။ ရှေးကလို ရထားတစ်တန်၊ ကား တစ်တန်၊ လှည်းတစ်တန် သွားရတာ မဟုတ်တော့ဘူး။ ရက်များစွာ ကုန်ဖို့မလိုတော့ဘူး။ ကင်မွန်းစခန်းအရောက် ကားနှင့်သွားလိုက်တယ်။ စနေနေ့ ၅ နာရီ မထိုးမီ ၁၅ မိနစ်အလိုမှာ အိမ်ကထွက်ပြီး တနင်္ဂနွေနေ့ ညနေ ၄ နာရီ မိနစ် ၂၀ ကျတော့ အိမ်ပြန်ရောက်တော့တာပဲ။ လမ်းမှာ စစ်တောင်းမြို့ မုပ္ပလင်၊ ကျောက်တွင်း၊ ကျိုက်ထိုမြို့ စသည်တို့ကိုလည်း လှည့်ပတ်ကြည့်ခဲ့ရသေးတယ်။

ကင်မွန်းစခန်းမှ ကျိုက်ထီးရိုးဘုရားအထိ ကျွန်တော်၊ ကလေးအငယ်နှစ်ယောက်နှင့် ကျိုက်ထိုမှ ဗိုလ်တထောင်သတင်းထောက်တို့ တက်ကြတာ လေးနာရီ မိနစ် ၃၀ ကြာတယ်။ ကျွန်တော့် အကြီးဆုံးသား (၁၇ နှစ်ထဲဝင်လာသူ) ဟာ နှစ်နာရီ မိနစ် ၃၀ နှင့် တက်တဲ့အတွက် ကျွန်တော်တော့ အံ့သြနေတယ်။ အဆင်းမှာ ကျွန်တော်တို့ သုံးနာရီ ဆင်းရတယ်။ အကြီးကောင်ဟာ အဆင်းမှာလည်း အတက်လောက်ပဲ အချိန်ကြာတယ်လို့ သိရတယ်။ အတက်တုန်းက မနားဘဲ တက်ပြီး အဆင်းမှာတော့ နားနားနေနေဆင်းသတဲ့ဗျ။ လူငယ်တွေဟာ တစ်ခုခုတော့ ထူးခြားချင်ကြတာပဲ။ ကျွန်တော်ငယ်ငယ်တုန်းက ကျိုက်ထီးရိုးမသွားဘဲ ထူးခြားအောင် နေခဲ့တယ်။ ကျွန်တော့်သားကျတော့ ကျိုက်ထီးရိုးကို မနားဘဲ တက်ပြီး နားနားနေနေဆင်းခဲ့ခြင်းဖြင့် ထူးခြားပြသွားတယ်။

ပုပ္ပားတောင် တက်ရတာထက် ကျိုက်ထီးရိုးတက်ရတာက ပိုပြေတယ်လို့ ဆိုချင်တယ်။ ပုပ္ပားမြို့မှ ပုပ္ပားတောင်ထိပ်ထိ လေးမိုင်ခရီး ရှိတယ်။ အမြင့်ပေမှာ ပုပ္ပားမြို့က ပေ ၁၀၀၀၊ ပုပ္ပားတောင်ထိပ်က ပေ ၄၉၅၀ ရှိတယ်။

mgyoe.com

mgyee.com


(ဦးကျော်ငြိမ်း ဘုရားအမြင့်ပါ ထည့်တွက်ရင် ပေ ၅၀၀၀ တိတိဆိုပါတော့) လေးမိုင် ခရီးရှည်ပြီး ပေ ၄၀၀၀ တက်ရတယ်။ ကင်မွန်းစခန်းဟာ ဘယ်လောက်မြင့်မယ် မသိဘူး။ ပေ ၃၀၀ မှ ၆၀၀ ကြားမှာပဲ ရှိမယ်ထင်တယ်။ ကျိုက်ထီးရိုးဘုရား တည်ရှိရာနေရာက ပေ ၃၇၀၀ ပဲ ရှိတယ်။ ခရီး ခုနစ်မိုင် နှစ်ဖာလုံ ရှည်လျားပြီး ပေ ၃၀၀၀ ကျော်ကို တက်ရခြင်း ဖြစ်တယ်။

ကင်မွန်းစခန်းမှ ကျိုက်ထီးရိုးရင်ပြင်တော်အထိ နားစရာ၊ စားသောက်စရာစခန်းတွေ မှိုလို ပေါက်နေတယ်။ အောက်ပိုင်းမှာ ထူထပ်တဲ့ တောကြီး၊ အပေါ်ပိုင်းမှာတော့ ဝါးရုံတွေချည်းပဲ။ တောင်ရဲ့ထုထည်၊ သစ်ပင်ဝါးပင်တွေရဲ့ သိပ်သည်းမှုနှင့်စာရင် ရေစမ်း၊ ရေတံခွန်များ နည်းပါးတယ်လို့ ဆိုချင်တယ်။ မိုးကောင်းတဲ့အရပ် ဖြစ်ပါလျက်နှင့် ခုလို စိမ့်စမ်းရေတံခွန် နည်းခြင်းဟာ သဘာဝမကျဘူး။ ဘာ့ကြောင့်ဖြစ်ရတယ်ဆိုတာ သက်ဆိုင်ရာ သိပ္ပံပညာရှင်များ စုံစမ်းသင့်တယ်ဗျ။

## လုပ်သားပြည်သူတို့၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရေးအတွက် ကျိုက်ထီးရိုး

ကျိုက်ထီးရိုးဘုရား ဖူးခြင်းကြောင့် လောကုတ္တရာ အကျိုးစီးပွားမည်မျှဖြစ်မည်ကိုတော့ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများစွာတို့ရဲ့ အဆိုအမိန့်တွေရှိနေပါပြီ။ ကျွန်တော်က ဒီအချက်မှာ စိတ်မဝင်စားပါဘူး။ ကျွန်တော် စိတ်ဝင်စားတဲ့အချက်ကတော့ ကျိုက်ထီးရိုးသွားကြသူ လုပ်သားပြည်သူတွေအဖို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရေး၊ လောကီအကျိုးစီးပွား များစွာဖြစ်မည်ဆိုတဲ့ အချက်ပဲ။

လူ့ရွာလူ့ပြည်များဟာ ခေတ်ကြီးတိုးတက်လာသည်နှင့်အမျှ တောတောင်နှင့် ကွာဟမှုက ကျယ်လာသည်။ လူ့မျက်စိများဟာ သဘာဝ ရှုမျှော်ခင်းများအပေါ်မှာ ကျယ်ပြန့်စွာ ကျက်မစားရဘဲ အခိုးအလျှံများလွန်းတဲ့၊ လှုပ်ရှားမှုပြင်းထန်လွန်းတဲ့၊ မွဲခြောက်တဲ့ ရှုခင်းများပေါ်မှာ စူးစိုက်နေကြရတယ်။ နားထဲသို့ ဆိတ်ငြိမ်သာယာသော တောသံတောင်သံများ မလာတော့ဘူး။ စူးရှတဲ့၊ ဆူညံတဲ့ တဂူးဂူး တဝေါဝေါ၊ တဒိန်းဒိန်း တဒိုင်းဒိုင်းအသံများကသာ တိုက်ခိုက် ထိုးဝင်နေတယ်။ ရှူရတဲ့ လေဆိုတာကလည်း ပြောစရာမရှိဘူး။ သန့်ရှင်းလတ်ဆတ်တဲ့ တောတောင်လေကို မရှူရ၊ အနံ့အသက်

mgyee.com

mgyoe.com


အမျိုးမျိုးကြောင့် အသက်ရှုကျပ်တယ်။ မူးဝေတာ၊ ထိုင်းမှိုင်းတာ၊ ငြီးစီစီ ဖြစ်ဖြစ်လာတော့ ပပျောက်အောင် ရေမွေးကိုသော်လည်းကောင်း၊ ရှုဆေးကို သော်လည်းကောင်း ရှုပြီး သဘာဝမဖြစ်မှုကို အခြားသဘာဝမဖြစ်မှုဖြင့် ကုစားနေရတယ်။

ဒါ့ကြောင့် ယဉ်ကျေးမှုတိုးတက်သည်နှင့်အမျှ၊ တောတောင်နှင့် ကွာဟမှု ကျယ်ပြောကြီးမားလာသည်နှင့်အမျှ ထူးဆန်းသော ရောဂါဘယ တွေ ပေါ်လာရတယ်။

နောက်ပြီးတော့ လူတွေရဲ့ အသက်မွေးဝမ်းကျောင်းမှု၊ ကုန်ပစ္စည်း ထုတ်လုပ်မှု စနစ်သစ်တွေမှာ စက်ယန္တရား အသုံးပြုခြင်းက တစ်နေ့တခြား ပိုမိုများလာတယ်။ ကာယစွမ်းအားထက် ဉာဏစွမ်းအားကို ပိုသုံးလာကြ တယ်။ လူနေမှုအဆင့်အတန်းမြင့်လေ၊ တစ်ဖက်က ပိုပြီး ကောင်းကောင်းစား၊ အခြားတစ်ဖက်က ပိုပြီး ကာယလုပ်အား လျှော့သုံး၊ အားလပ်ချိန် ပိုယူ၊ ဖိမ်ပိုခံဖြစ်လာတယ်။ ဒီတော့ ကိုယ်ခန္ဓာရဲ့ ဝင်ငွေထွက်ငွေဟာ မမျှမတ ဖြစ်လာတယ်။ ကိုယ်ခန္ဓာအတွက် မီးအားအဝင်က များများလာပြီး မီးအား အထွက်က နည်းနည်းလာတယ်။ တစ်နည်းလွယ်ကူစွာပြောရရင် လူ့လော ကယဉ်ကျေးမှု အဆင့်မြင့်လာလေလေ၊ ချွေးအထွက်နည်းလေလေဖြစ်ပြီး ရောဂါထူလာတော့တယ်။

ဒါ့ကြောင့် ခေတ်ကြီးတိုးတက်သည်နှင့်အမျှ၊ စက်ယန္တရားတွေ သိပ် သုံးလာသည်နှင့်အမျှ နည်းမျိုးစုံသုံးပြီး ကိုယ်ကာယလှုပ်ရှားမှုကို အားပေးရ မယ်။ ချွေးထွက်စေကြရမယ်။ လူတွေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစေဖို့ တော တောင်ပတ်ဝန်းကျင်နှင့် မကြာခဏ တွေ့ထိရေးနှင့် ချွေးထုတ်ရေး လုပ်ငန်း များဟာ လွန်စွာအရေးကြီးတယ်။

ကျိုက်ထီးရိုးဘုရားရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် တစ်နှစ်တစ်နှစ်မှာ သိန်းပေါင်းများစွာသော မြန်မာပြည်သူတွေဟာ တောတောင်နှင့်ရင်းနှီးခွင့် ရကြတယ်။ မျက်စိများဟာ စိမ်းလန်းစိုပြည်သော တောတောင်၊ ကြည်လင် ချမ်းမြေ့သော ပတ်ဝန်းကျင်၊ အလှပဆုံးသော ရှုမျှော်ခင်းများမှာ ကျက်စားခွင့် ရကြတယ်။ ကျိုက်ထီးရိုးရင်ပြင်ပေါ်မှနေပြီး မြင်ရတဲ့ရှုခင်းများကို ဘယ်တော့ မှ မေ့နိုင်ဖွယ် မရှိဘူး။ ကျောက်တုံးကြီးတွေ ဘေးမှဖြစ်စေ၊ တောနက်သစ်ပင်

mgyoe.com

mgyoe.com


များကြားမှ ဖြစ်စေ၊ ဝါးရုံအောက်မှာဖြစ်စေ ခဏလောက် စခန်းချပြီး ထိုင်နေလိုက်ရတဲ့ 'နားအရသာ' ကိုလည်း ဘယ်တော့မှ မမေ့နိုင်ဘူးဗျ။ တိတ်ဆိတ်ခြင်းရဲ့ဂီတလို့ ခေါ်ချင်ခေါ်နိုင်တယ်။ စက်ခုတ်သံတွေ၊ ဘတ်စ်ကားသံ၊ လော်ရီသံတွေ၊ အသံချဲ့စက်သံတွေ၊ ခွေးအူသံတွေ၊ ကျီးကန်းသံတွေ အားလုံး မကြားရ၊ အားလုံးဆိတ်ငြိမ်နေတယ်။ အဲဒီအချိန်မှာမှ လူတွေဟာ 'နား'ကို အနားပေးရန် ဘယ်လောက်လိုတယ်ဆိုတာ သဘောပေါက်နိုင်တယ်။ ဒီလို အားလုံးဆိတ်ငြိမ်နေစဉ် တစ်ခါတစ်ရံ လေပြည်လေညင်းစီးပြီး ပေါ်လာတဲ့ ငှက်သံဟာ တကယ့်ဂီတသံပဲ။ ခုခေတ်မြို့ကြီးတွေရဲ့ ပြဿနာအမျိုးမျိုး အနက် 'နား' အနားမရခြင်းပြဿနာဟာ အလွန်ကြီးမားနေတယ်။ တချို့ မြို့ကြီးများ (ဥပမာ လန်ဒန်) မှာ မော်တော်ကားများ ဟွန်းမတီးရဘူး။ နယူးယောက်၊ မော်စကို၊ ပါရီ စသည်တို့မှာ ဆူညံမှု လျှော့ပါးရေး၊ အသံကို ထိန်းသိမ်းရေးအတွက် အင်ဂျင်နီယာဆရာများဟာ အထူးကြံစည် ဖြေရှင်းနေကြတယ်။

လူသားတွေဖြစ်နေလို့ လူ့ပြည်လူ့ရွာမှ အသံဗလံတွေနှင့် အမြဲတမ်း မကင်းနိုင်ပေမဲ့ တစ်ခါတစ်ရံတော့ ကင်းသင့်တယ်။ နားကို အနားပေးသင့်တယ်ဗျ။

## ကျိုက်ထီးရိုး လူထုလမ်းလျှောက်ပွဲနှင့် တောင်တက်ပွဲ

ကျိုက်ထီးရိုးသို့ ဘုရားဖူးသွားကြခြင်းဟာ ဘုရားဖူးရန် ကုသိုလ်ရေး ရည်ရွယ်ချက်က အဓိကဖြစ်သော်လည်း တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာလို ကျန်းမာရေးရည်ရွယ်ချက်ဖြင့် လူထုလမ်းလျှောက်ပွဲနှင့် တောင်တက်ပွဲလည်း ဖြစ်နေတယ်။

"ကျိုက်ထီးရိုးကို တက်လိုက်ရတာ ချွေးပုပ်တွေ အကုန်ထွက်သွားပြီး ကိုယ်ခန္ဓာတစ်ခုလုံး သန့်ရှင်းသွားတာပဲ" လို့ ပြောကြသူအများအပြား တွေ့ရတယ်။

ရှစ်နှစ်၊ ကိုးနှစ်၊ ဆယ်နှစ် စတဲ့ ကလေးသူငယ်တွေမှစပြီး ခြောက်ဆယ်ကျော်တွေအထိ ကျိုက်ထီးရိုးကို တက်ကြတာတွေ့ရတယ်။

နို့စို့အရွယ်ကလေးငယ်ကို တစ်လှည့်စီ ချီလာတဲ့ လင်မယား၊ လမ်း

mgyoe.com

mgyoe.com


လျှောက်တတ်စ ကလေးငယ်ကို တစ်လှည့်စီ ချီလာရာက မောလွန်းပန်းလွန်းလို့ ကလေးကိုချပြီး အလျှောက်ခိုင်းနေတဲ့ လင်မယား၊ သားသမီးမပါ ကိုယ်လွတ်လက်လွတ်ဖြစ်သော်လည်း အချင်းချင်း ယုကာယကာ ဖေးမကာဖြင့် တက်နေတဲ့ လင်မယား၊ လင်မယားမျိုးစုံ။

တောင်ငှေးထောက်ကာထောက်ကာ တဖြည်းဖြည်း တအိအိတက်လာကြတဲ့ အဘိုးအို အဘွားအိုများ၊ အဘွားကြီးတွေ တစ်သိုက်ကတော့ ရှန်းရင်းတက်ရင်း သီချင်းများပင် ဆိုလိုက်သေး။ ကျွန်တော်တို့က သဘောကျလို့ ရယ်ကြတော့ အမောပြေအောင် သီချင်းဆိုရတယ် မောင်တို့ရေလို့ ရှင်းလင်းချက် ထုတ်ကြတယ်။

တက်လိုက်နားလိုက် လုပ်ရင်း ဘုရားတရားစာများ ရွတ်ဖတ်သရဇ္ဈာယ် ပြုနေသူ သက်ကြီးရွယ်ကြီးအများအပြားကိုလည်း တွေ့ရတယ်။ ထူးထူးခြားခြား ချိုင်းထောက်ကြီးနှင့်တက်လာသူတစ်ယောက်လည်း တွေ့ခဲ့ရတယ်။ အစုလိုက် အအုပ်လိုက် တက်သူတွေကလည်း များလှပေတယ်။ မိသားစုအလိုက်အုပ်စု၊ ကျောင်းသားကျောင်းသူအုပ်စု၊ အလုပ်သမားအုပ်စု၊ တောင်သူလယ်သမားအုပ်စု၊ ဘုန်းကြီးအုပ်စု၊ ရှမ်းအုပ်စု၊ ကရင်အုပ်စု၊ တရုတ်အုပ်စု။ ဘုန်းကြီးအုပ်စုမှာ ခရီးဆောင်ရေဒီယိုကလေး ပါလာတယ်။ ဒါ့ကြောင့် မြူးကြွတဲ့ ခေတ်ဆန်တဲ့ အချစ်သီချင်းသံများကို ဘုန်းကြီးအုပ်စုထံမှ ကြားနေရတယ်။

ပိုက်ဆံရှိသူ သက်ကြီးရွယ်ကြီးများကတော့ လူထမ်းတဲ့ အဝတ်ပုခက်များကို စီးပြီးတက်လာကြတယ်။ သို့ပေမဲ့ ပက်လက်ကြီးထမ်းသလို ထမ်းလာတာမို့ ထမ်းရသူလည်း မသက်သာ၊ စီးရသူလည်း မသက်သာ။

ကျိုက်ထီးရိုး တက်ကြသူများကို ကြည့်လိုက်ရင် အများစုကြီးဟာ ထူးထူးခြားခြား သစ်လွင်စွာ၊ တောက်ပစွာ၊ ချမ်းသာကြွယ်ဝစွာ မဝတ်ဆင်နိုင်ကြဘူး။ အများစုကြီးဟာ တောင်သူလယ်သမားတွေ၊ ကာယ – ဉာဏ အလုပ်သမားတွေ၊ ကျောင်းသူ ကျောင်းသားတွေသာ ဖြစ်ကြောင်း သိသာထင်ရှားတယ်။

လွတ်လပ်ရေးပွဲတော်အထိ လွန်ခဲ့သော တစ်လအတွင်းကဆိုရင် တစ်နေ့ လူတစ်သောင်းကျော် တက်ခဲ့တယ်။ ခု ကျွန်တော်တို့ ရောက်ချိန်မှာ

mgyoe.com

mgyoe.com


တော်တော် လူပါးသွားပြီ။ သို့ပေမဲ့ မနည်းလှသေးဘူး။ တကယ့်လုပ်သား ပြည်သူတို့ရဲ့ လူထုလမ်းလျှောက်ပွဲနှင့် တောင်တက်ပွဲကြီးပါပဲ။

## ကျိုက်ထီးရိုးတောင်ကိုထိန်းသိမ်းရန်

ယခုနှစ် ကျိုက်ထီးရိုးဘုရားပွဲကို ဂေါပကအဖွဲ့တစ်ခုဖွဲ့ပြီး အုပ်ချုပ်သွားတယ်လို့ သိရတယ်။ ဂေါပကအဖွဲ့ထဲမှာ မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်၊ လအကမှ ကိုယ်စားလှယ်၊ ကျိုက်ထိုမြို့မိမြို့ဖများမှ ကိုယ်စားလှယ်၊ ကော်သူးလေ ကေအာရ်စီမှ ကိုယ်စားလှယ် စသဖြင့် ပါဝင်ကြတယ်။ ယခင်နှစ်များတုန်းက စခန်းတွေကို ကန်ထရိုက်များလက် အပ်လိုက်တာပဲ။ ကန်ထရိုက်များက စခန်းများ ဖွင့်ထားသော ဆိုင်များ၊ အလှူခံပုဂ္ဂိုလ်နှင့် အလှူခံအဖွဲ့များထံမှ ကြိုက်သလို အခွန်အခ ကောက်ခံယူကြတာပဲ။ ယခုနှစ်တော့ ဂေါပကအဖွဲ့က တိုက်ရိုက် ဆိုင်ခွန်ဆိုင်ခ ယူတယ်။ လမ်းပြင်တဲ့ လူများကို အလှူခံရန် ခွင့်ပြုထားခြင်းမှတစ်ပါး အခြားအလှူခံ မရှိတော့ဘူး။ ရင်ပြင်တော်ပေါ်ကျမှ ကျိုက်ထီးရိုးဘုရားအတွက် အလှူခံသေတ္တာများ တရားဝင်ထားရှိတယ်။ သူတောင်းစားတွေလည်း မတွေ့ခဲ့ရဘူး။ ကျောက်ရုပ်ကြီးများလို မတုန်မလှုပ်ထိုင်နေတဲ့ ရသေ့ကြီးနှစ်ပါး သုံးပါးကိုသာ တွေ့ရတယ်။ သူတို့ပါးစပ်မှ တောင်းရမ်းခြင်း၊ အလှူခံခြင်းမရှိ၊ သာဓုခေါ်ခြင်းမရှိ၊ ပိုက်ဆံထည့်သူထည့်၊ မထည့်သူမထည့်။

ဂေါပကအဖွဲ့က ရင်ပြင်တော်တစ်ဝိုက်မှာ တည်းခိုရန်မဏ္ဍပ်များ ထိုးပေးထားတယ်။ အိမ်သာများ ကျကျနနတွင်းတူးပေးထားတယ်။ ဆေးမှုန့်တွေလည်း ဖျန်းထားတယ်။ ဈေးဆိုင်တွေမှာ ပစ်စလက်ခတ် လက်ဆေးခြင်း၊ ပန်းကန်အိုးခွက်ဆေးခြင်း၊ စားကြွင်းစားကျန်များ လွှင့်ပစ်ခြင်း မရှိရဘူး။ တောင်ထိပ်အရောက် ရေမပြတ်မလပ်အောင် ပို့ထားရတယ်။ ကျန်းမာခြင်းနှင့် ညီညွတ်တဲ့ရေဖြစ်အောင်လည်း လုပ်ရတယ်။

ရေချိုးရန် ဆိုင်တစ်ဆိုင် ဖွင့်ပေးထားတယ်။ ရေအေးတစ်ပုံး တစ်ကျပ်၊ ရေနွေးတစ်ပုံး ငါးမတ်ပေးရင် ရေချိုးနိုင်တယ်။ တတ်နိုင်သူ ချိုးကြဖို့ပဲ။ ဂေါပကအဖွဲ့က အခြားဆိုင်များနည်းတူ ရေချိုးရန်ဆိုင်ကိုလည်း အခွန်ကောက်တယ်။ အားလုံးသောအခွန်ငွေတွေဟာ ဘုရားရန်ပုံငွေဖြစ်သွားတယ်။

mgyoe.com

mgyoe.com


ဂေါပကအဖွဲ့ဟာ ဘုရားအတွက် ဝင်ငွေစာရင်း ချုပ်ကြည့်ကြတာ တစ်သိန်းခုနစ်သောင်း ရတယ်လို့ သိရတယ်။

ကျိုက်ထီးရိုးကို ထိန်းသိမ်းရန်နှင့် ပြုပြင်ရန် အမျိုးမျိုး စဉ်းစားနေကြတယ်။

တချို့က လွယ်လွယ်ကူကူတက်ရန် ကားလမ်းဖောက်ဖို့ အကြံပေးကြသတဲ့ဗျ။

တချို့ကတော့ ဓာတ်လှေကား တပ်ဆင်ရန် အကြံပေးသတဲ့ဗျ။

တတ်နိုင်လျှင် ရင်ပြင်တော်ကို ပြင်ရမယ်။ ရင်ပြင်တော်ပေါ်မှာ မင်္ဂလာဒုံလေဆိပ်လို မှန်များ ကာထားတဲ့ အဆောက်အအုံကြီး ဆောက်ပေးဖို့ကောင်းတယ်။ ကျိုက်ထီးရိုးတောင်ပေါ်တက် ဘုရားဖူးပြီးတဲ့နောက် အဲဒီအဆောက်အအုံကြီးပေါ်မှ ဘေးပတ်ဝန်းကျင်ရှုမျှော်ခင်းကို အရသာခံစားနိုင်ရမယ်။

မြို့ကြီးများ တိုးချဲ့ တည်ဆောက်တဲ့အခါမှာ မြို့လယ်ကောင် သစ်တောများ၊ ကန်များ၊ ဥယျာဉ်များ ချန်လှပ်ပြုစုထားသလို ကျိုက်ထီးရိုးတောင်တစ်ခုလုံးကို ချန်လှပ်ပြုစုထားရမယ်။ ဒါမှ လုပ်သားပြည်သူတွေဟာ တောတောင်တွေနှင့် ရင်းနှီးခွင့်ရပြီး ဘုရားလည်းဖူးရ၊ လူထုလမ်းလျှောက်နှင့် တောင်တက်ပွဲလည်း ကျင်းပရပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရှိကြမည် ဖြစ်ကြောင်းပါဗျ။

ဗိုလ်တထောင်သတင်းစာ၊ ၁၂-၁၃၊ ဇန်နဝါရီ၊ ၁၉၆၅

❖

mgyoe.com

mgyoe.com

# ဗွဲကပင်နှင့် သံလွင်

ကျွန်တော်တို့၏ မိခင်ပြည်ထောင်စု မြန်မာနိုင်ငံတွင် ချစ်စရာကောင်းလှသော အကွက်တွေ များလှပေသည်။ ၎င်းတို့အနက် အကွက်တစ်ကွက်မှာ ဗွဲကပင်နှင့် သံလွင်ဖြစ်၏။ သံလွင်မြစ်ပေါ်တွင် တည်ရှိနေသော ဗွဲကပင်တောင်ဟု ဆိုရမည်လော၊ ဗွဲကပင်တောင်ကို ကွေ့ဝိုက်ကာ စီးဆင်းသွားသော သံလွင်ဟု ဆိုရမည်လော မသိပါ။ သည်နေရာ သည်အကွက်ကား အလွန်ချစ်စရာကောင်းလှသည်ကား အမှန်ပင်။

သံလွင်မြစ်သည် ရေစီးကြမ်းသည်ဟု ပထဝီစာအုပ်များတွင်ပင် နာမည်ဆိုးရှိခဲ့ပါသည်။ တိဘက်ကုန်းမြေမြင့်၏ အရှေ့ဆွယ်၊ တရုတ်ပြည်နယ်များမှတစ်ဆင့် ရှမ်းကုန်းမြေမြင့်ကိုဖြတ်၍ မုတ္တမပင်လယ်အော်ထဲသို့ စီးဆင်းနေသော သံလွင်မြစ်သည် ပထဝီစာအုပ်များက ရေးသလို မှချပင် ရေစီးကြမ်းမည်ဖြစ်သည်။ သို့ရာတွင် ဤနေရာ ဤအကွက်သည်ကား 'ဘုရားပေးသော' ခြွင်းချက် ဖြစ်တန်ရာ၏။ ဗွဲကပင်ကို ကွေ့ဝိုက်ကာ စီးနေသော သံလွင်သည် ကျယ်လည်းကျယ်ပြီး ရေစီးလည်း သာလှလေသည်။

mgyoe.com

mgyoe.com


ခုအချိန်မှာတော့ ရေက ကြည်လည်းကြည်လင်လှသည်။

မုတ္တမဆိပ်ကမ်းမှ ထွက်ပြီး သံလွင်မြစ်ဝတွင်းသို့ ဆန်တက်ကြကတည်းက ကျွန်တော်တို့သည် ဖွဲကပင်တောင်ကို ရှာဖွေကြသည်။ ပျားလပို့ကြီးနှင့်တူသော ဟိုတောင်သည် ဖွဲကပင်လေလော၊ သည်ရှေ့နားက ဆင်ကျောက်ကုန်းသဏ္ဍာန်သည်ပင် ဖွဲကပင်ဖြစ်လေမည်လော။

ပြည်ထောင်စုနေ့ဖြစ်မြောက်ရေး ဗဟိုကော်မတီဝင်တစ်ဦးသည် ကျွန်တော်တို့ထံသို့ လာသည်။ သူကား ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှ အရာရှိတစ်ယောက်ဖြစ်ပြီး ကျွန်တော်တို့စီးနင်းလိုက်ပါလာကြသော မီးသင်္ဘောကို ဦးစီးကွပ်ကဲရသူဖြစ်သည်။ သူက ကျွန်တော်တို့အလိုရှိတာပြောပါ၊ သင်္ဘောပေါ်မှာ ဖြစ်နိုင်သောအရာဟူသမျှ လုပ်ပေးပါမည်ဟု လောကွတ်ပျူငှာ ဆိုလာလေသည်။ ကျွန်တော်တို့ကား သူ့ထံမှ ဘာမျှအလိုမရှိကြပါ။ တကယ်တော့မူ ကျွန်တော်တို့သည် သူ့ကိုမေ့ပစ်လိုက်ကြပါသည်။ ကျွန်တော်တို့အလိုရှိကြသည်မှာ ဖွဲကပင်နှင့် ပတ်ဝန်းကျင်သဘာဝအလှတွင် ဆိတ်ငြိမ်စွာ မွေ့လျော်နစ်မြုပ်နေကြရန်သာ ဖြစ်လေသည်။

သို့သော် ဖွဲကပင် ဘယ်မှာ နေသနည်း။

ကျွန်တော်တို့လူသိုက်ထဲတွင် ဦးဖိုးသုန်နှင့် ဦးဝန် (မင်းသုဝဏ်) တို့က သမိုင်းကော်မရှင်ကို ကိုယ်စားပြုသည်။ ဆရာဇေယျ၊ ဟံသာဝတီ ဦးဘရင်နှင့် ကျွန်တော်တို့က ယဉ်ကျေးမှုကောင်စီဝင်များအဖြစ်ဖြင့် လိုက်ပါလာခဲ့ကြသည်။ သာကဒိုး၊ မောင်သိန်းလွင် စသည်တို့က စာရေးဆရာများ၊ ဦးကိုလေး၊ မောင်ငွေထွန်း စသည်တို့က ပန်းချီဆရာများ၊ ဦးပုက ပန်းပုဆရာအဖြစ်ဖြင့် လိုက်ပါခဲ့ကြသည်။ အားလုံးမှာ ပြောစရာ အများအပြားရှိကြသည်။ တစ်ဖက်သား ငေးနားထောင်အောင် ပြောတတ်သူလည်း အများအပြားပါလေသည်။ စကားတွေ အမျှင်မပြတ်လည်း ပြောခဲ့ကြပါပြီ။ သို့သော် ယခုတော့ ငြိမ်နေကြသည်။ ပတ်ဝန်းကျင်ကို ကြည့်ကြသည်။ စိတ်ကူးက သင်္ဘောရှေ့မှ ရှက်တိုက်ပြီး မြစ်ညာသို့ ဆန်တက်သွားလေသည်။ မြောက်ဘက် မိုးကုပ်စက်ဝိုင်းတွင် ဝိုးတဝါး မြင်နေရသော တောင်တန်းသည်ပင် ဖွဲကပင်ဖြစ်မည်လောဟု တွေးတောကြသည်။

mgyoe.com

mgyoe.com


ကျွန်တော်တို့၏ လက်ယာဘက်တွင် ထင်ထင်ရှားရှား မြင်နေကြရသော တောင်တန်းကြီးကိုကား ဖွဲကပင်ဟု လုံးဝမထင်ချေ။

ဖွဲကပင်သည် သက်မဲ့ရုပ်ဝတ္ထုကြီးဖြစ်၏။ သို့သော် မာယာများလှသည်။ အသွင်သဏ္ဌာန်ကို ခဏခဏပြောင်းနိုင်သည်။

ကျွန်တော်တို့၏ လက်ယာဘက်မှာ ထင်ထင်ရှားရှားမြင်နေရသော တောင်တန်းကြီးမှာ ဓာတ်ပုံများတွင် ကျွန်တော်တို့ မြင်တွေ့နေကျ ဖွဲကပင်နှင့် လွန်စွာခြားနား၏။ ထို့ကြောင့် ၎င်းကို ဖွဲကပင်ဟု မထင်မိကြခြင်း ဖြစ်လေသည်။

ဖွဲကပင်သည် မာယာများလှ၏။ ဤတစ်ကြိမ်တွင် ကြံ့၏ကျောက်ကုန်းကြီးနှင့် သဏ္ဌာန်တူသည်။ နောက်တစ်ကြိမ်တွင် ဝပ်တွားနေသောဆင်ကြီးဖြစ်သွား၏။ ထိုတစ်ခဏ၌ ရဲတိုက်ကြီး၊ နောက်တစ်ခဏ၌ကား စေတီပျက်ကြီး၊ ဤအခိုက်၌ အင်အားထုထည် လွှမ်းမိုးသောသဏ္ဌာန်၊ ထိုအခိုက်၌ကား နွဲ့နှောင်းသွယ်လျသော သဏ္ဌာန်။

ဘားအံအနီးရောက်တော့မှ ကျွန်တော်တို့ညာဘက်မှာ ထင်ထင်ရှားရှား မြင်နေရသော တောင်တန်းကြီးသည် ဓာတ်ပုံထဲတွင် မြင်တွေ့နေကျ ဖွဲကပင်တောင်၏ ပုံသဏ္ဌာန်နှင့် တစ်ထပ်တည်း ကျသွားလေတော့သည်။ ထိုရှုထောင့်မှ မြင်ရသော ဖွဲကပင်သည် အလှဆုံးဖြစ်၏။ မိုးကုပ်စက်ဝိုင်းတွင် ဘယ်ဘက်မှညာဘက်သို့ တဖြည်းဖြည်း လှိုင်းတွန့်များလို တက်သွားသည်။ အလယ်လောက်ကျတော့ ဗြုန်းခနဲ အမြင့်ကြီး မတ်စောက်တက်သွားသည်။ လှိုင်းလုံးတွေ မလှုပ်မနှံ့နိုင်သော ပံသုသေလာကျောက်ဆောင်ကြီးနှင့် တူသည်။ ကျောက်ဆောင်ကြီးညာဘက်မှာ ကျဆင်းသွားပုံမှာ လှိုင်းသဏ္ဌာန်မဟုတ်၊ ကနုတ်ပန်းခက် ဆင်းသက်သွားဟန်ဖြစ်သည်။ ဆေးရောင်ပေါင်းစပ်မှု အနုအရင့် အဆင်သင့်လှသော ရုပ်ပုံကားချပ် ဖြစ်ပေသည်။

ဖွဲကပင်သည် မာယာများလှ၏။ သူ့မာယာကို ဘယ်သူဖန်ဆင်းပေးသနည်း။

သံလွင်သည် ဖွဲကပင်ကို ကွေ့ဝိုက်ကာ စီးဆင်းသွားသည်။ ကျွန်တော်တို့ သံလွင်မြစ်ကြောင်းဖြင့် ကွေ့ဝိုက်ကာ ဖွဲကပင်ကိုကြည့်ကြရ၏။ ရှုထောင့်အမျိုးမျိုးမှ သဏ္ဌာန်အမျိုးမျိုးကို မြင်ရ၏။ ဖွဲကပင်၏ မာယာအမျိုးမျိုးကို

mgyoe.com

mgyoe.com


ဖန်တီးပေးသူမှာ သံလွင်ပင်မဟုတ်ပါလော။

ဘားအံမှာနေစဉ် ကျွန်တော်တို့သည် အိမ်ပြာဆိုသော ပြည်နယ်အစိုးရ ဂေဟာမှာ တည်းခိုကြရ၏။ အိမ်ပြာ၏ အရှေ့ဘက်ဝရန်တာမှ ထွက်ကြည့်လျှင် ဇွဲကပင်ကို အပြည့်အဝမြင်ရသည်။ အနောက်ဘက်ဝရန်တာမှ ထွက်ကြည့်လျှင် သံလွင်ကို အပြည့်အဝမြင်ရသည်။ မနက် နေထွက်ချိန်မှာလည်းကောင်း၊ ညနေ နေဝင်ချိန်မှာလည်းကောင်း ကျွန်တော်တို့အထဲက ပန်းချီဆရာနှင့် စာရေးဆရာအချို့သည် ဇွဲကပင်နှင့် သံလွင်ကို စောင့်ကြည့်ကြ၏။ နေထွက်နေဝင်မှာ ထွက်သက်ဝင်သက် ရှုရှိုက်ကြရင်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ ချစ်စရာအကောင်းဆုံး အကွက်တစ်ကွက်ဖြစ်သော ဇွဲကပင်နှင့် သံလွင်၏အလှကို အားရပါးရ တဝကြီး ရှုရှိုက်ကြရ၏။

ကျွန်တော်တို့နှင့် ပါလာသော ပန်းချီဆရာများက ဇွဲကပင်နှင့် သံလွင်၏ ဤအလှကို ဖမ်းပြီး ရုပ်ပုံတွေခြယ်ကြသည်။

တစ်ညနေတွင် မင်းသုဝဏ်နှင့် ကျွန်တော်တို့သည် အိမ်ပြာ၏ အနောက်ဘက်ဝရန်တာမှ နေပြီး သံလွင်မြစ်ဆီသို့ ကြည့်နေကြလေသည်။

နေကား ဝင်လျက်ရှိလေပြီ။ အနောက်ဘက် ကောင်းကင်အလုံးသည် တဟုန်းဟုန်း ရဲရဲတောက်လျက်နေ၏။ သံလွင်မြစ်ရေမှာ တဖျပ်ဖျပ် ရောင်ပြန်ဟပ်နေသည်။ မှိုင်းညို့ညို့တောင်ကြီးများသည်ပင် နီကြင့်ကြင့်အရောင်စို့နေသည်ဟု ထင်မှတ်ရသည်။ ကျွန်တော်တို့သည် ဇွဲကပင်နှင့် သံလွင်တို့၏ လှပသာယာပုံ ဂုဏ်မျိုးစုံကို ချီးကျူးခန်းဖွင့်နေကြလေသည်။ မင်းသုဝဏ်ကား ပင်လုံးကျွတ် ရဲရဲတောက် ပွင့်နေကြသော ပေါက်ပင်များကို အထူးစွဲမက်မြတ်နိုးနေဟန် ရှိလေသည်။

ကျွန်တော် –

"ခင်ဗျားဟာ လွတ်လပ်ရေးနှင့် သပြေညို ဆက်စပ်ပြီး ကဗျာတွေရေးခဲ့တယ်။ ခုတော့ ဇွဲကပင်တောင်ခြေနှင့် သံလွင်ကမ်းနဖူးတို့မှာ ပင်လုံးကျွတ် ရဲရဲတောက်ပွင့်နေကြတဲ့ ပေါက်ပန်းနှင့် ပြည်ထောင်စုနေ့ ဆက်စပ်ပြီး ကဗျာရေးစမ်းပါဦးဗျာ"

မင်းသုဝဏ် –

"အင်း ... သူ့ပဲတွေ့နေရတော့ သူနှင့်ပဲ ပြည်ထောင်စုနေ့ကို ဆက်

mgyoe.com

စပ်ပြီး ရေးရလိမ့်မယ် ထင်တယ်"

မာယာများလှသော ဖွဲကပင်တောင်မှာ ပုံသဏ္ဌာန်မျိုးစုံစုံနှင့် လှပသလောက် အတက်ရ ခက်လှလေသည်။ အခက်အခဲတွေ ကျော်ပြီး တောင်ပေါ်ရောက်အောင် တက်နိုင်လေသော်ကား ဘယ်တော့မျှ မေ့နိုင်မည်မဟုတ်သော သံလွင်မြစ်ဝှမ်း၏ သာယာတင့်ဆန်းပုံကို တွေ့မြင်ရပြန်လေသည်။

ဗုဒ္ဓဘာသာတို့ ဘုရားဖူးတက်ကြသော နာမည်ကြီးတောင်များအနက် ဖွဲကပင်၏ ပံသုသေလာကျောက်ဆောင်ကြီးသည် အတက်ရ အခက်ဆုံးဖြစ်သည်။ တောင်ခြေမှ တောင်ထိပ်အထိ ပေ ၂၃၀၀ မျှရှိပြီး အလွန်မတ်စောက်သောကြောင့် ဖြစ်သည်။ မြေသားက မရှိသလောက်ဖြစ်ပြီး ကျောက်သားချည်းလို ဖြစ်သောကြောင့်လည်း ဖြစ်သည်။ သို့သော် မည်မျှပင်ခက်ခက် 'တောင်ကြီးဖဝါးအောက်' ပင်ဖြစ်သည်။ လူတို့၏လုံ့လသည် အံ့သြစရာပင်။ ထိုခက်ခဲသောတောင်ထိပ်ဝယ် ဘုရားတည်ထားကြသည်။ ကျောင်းဆောက်ထားကြသည်။ ကန်တူးထားကြသည်။ စားသုံးသစ်ပင် စိုက်ထားကြသည်။ စတုရန်းပေ ၆၀၀ ကျယ်သော ရင်ပြင်ကို ရှုမျှော်ခင်းမျှော်စင်ကြီး လုပ်ထားကြသည်။

ကျွန်တော်သည် ထိုရှုမျှော်ခင်း မျှော်စင်မှာ ၄၅ မိနစ်မျှ နေပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို မျက်စိဖြင့် သိမ်းကျုံး အောင်နိုင်ခဲ့ရသည်။ အရှေ့ဘက်မှာ တံတိုင်းကြီးသဖွယ် ဆီးကာနေသော ဒေါနတောင်တန်း၊ တောင်ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်များမှာ ကွေ့ဝိုက်စီးဆင်းနေသော သံလွင်မြစ်၊ ဒေါနတောင်တန်းနှင့် သံလွင်မြစ်တို့၏ ကျောထောက်နောက်ခံ မိုးကုပ်စက်ဝိုင်းကြီးအားလုံးကို ကျွန်တော့်မျက်စိဖြင့် သိမ်းကျုံး အောင်နိုင်လိုက်လေသည်။

ဘူမိဗေဒ၏ ဖွင့်ဆိုချက်အရ ဤကမ္ဘာလုံးကြီးသည် အသက်ရှူနေသည့်ပမာ အမူအကျင့်ရှိသည်။ ပိန်သည့်နေရာ ပိန်ကျသွားပြီး ဖောင်းသည့်နေရာဖောင်းတက်နေသည်။ ဟိမဝန္တာတောင်သည် သက်နုတောင်ဖြစ်သည်။ ဖောင်းတက်သောအပိုင်းမှာ ရှိသည်။ ဒေါနတောင်၊ ဖွဲကပင်တောင်တို့အပါအဝင် တနင်္သာရီရိုးမတောင်တန်းသည် သက်ရင့်တောင်ဖြစ်သည်။ ပိန်ကျနေသော အပိုင်းမှာရှိသည်။ ဤအပိုင်းမှာ တောင်များသည်လည်းကောင်း၊

mgyoe.com

mgyoe.com

မြေပြင်သည်လည်းကောင်း၊ ပင်လယ်ရေပြင်သည်လည်းကောင်း နှစ်ပေါင်းများစွာအတွင်း လက်မပေါင်းများစွာ ကျဆင်းနေသည် စသည်ဖြင့် သိကြရသည်။

ဖွဲကပင်နှင့် ပတ်သက်၍လည်းကောင်း၊ ဘားအံနှင့် ပတ်သက်၍လည်းကောင်း၊ ကော့ဝွန်းဂူနှင့် ပတ်သက်၍လည်းကောင်း ဖြစ်ပေါ်တည်ရှိနေသော သမိုင်းဒဏ္ဍာရီပုံပြင်တို့သည် ရှေးရှေးတုန်းက ဤဒေသမှာ ပင်လယ်ပြင် ရောက်ဖူးသော ဒေသဖြစ်ကြောင်း၊ ဖွဲကပင်တောင်ခြေကို ပင်လယ်လှိုင်းလုံးကြီးများ ပုတ်ခတ်ခဲ့ဖူးကြောင်း ပြောပြနေကြလေသည်။

ဖွဲကပင်တောင်ထိပ် ရှုမျှော်ခင်းမျှော်စင်မှ နေပြီး မြင်ရသော မြင်ကွင်းတစ်ခုလုံးသည် ကျွန်တော့်အား လွန်ခဲ့သော လေးနှစ်ခန့်က ရောက်ခဲ့သော မြောက်ဗီယက်နမ် ဟာလောင်ပင်လယ်ကွေ့သို့ ပြန်လည်ခေါ်ဆောင်သွားလေသည်။ တောင်ပုံသဏ္ဍာန်မှာ ပြောစမှတ်ပြုရအောင် တူသည်။ ကျောက်ဆောင်ကျောက်လွှာ ပုံသဏ္ဍာန်များမှာ တစ်ထေရာတည်းဖြစ်သည်။ ဂူများ၊ လိုဏ်များ၊ တွင်းများတွင်လည်း တစ်ခုတည်းသောလက်ရာကို တွေ့နိုင်သည်။ ပင်လယ်ရေနှင့် ပင်လယ်လှိုင်းလုံးများ၏ လက်ရာပေတည်း။ တစ်ခုတည်းသာ ကွာခြား၏။ ဗီယက်နမ် ဟာလောင်ပင်လယ်ကွေ့တွင် ဆုတ်ခွာနေသော ပင်လယ်သည် အပြီးမသတ်သေးဘဲ တောင်ခြေနှင့်ကျောက်ဆောင်ကျောက်လွှာများကို လှိုင်းလုံးများဖြင့် ပုတ်ခတ်ဆဲဖြစ်နေခြင်းသာ ဖြစ်လေသည်။

ဖွဲကပင်နှင့် သံလွင် လွင်ပြင်မှာ ပင်လယ်ဆုတ်ခွာခြင်းသည် အပြီးသတ် သွားခဲ့လေပြီ။ တောင်ခြေတွင် တမင်မျှဉ်းသားပြီး ညှိထားသလား အောက်မေ့ရအောင် ညီပြန့်နေသောမြေပြင်ကို တွေ့ရသည်။ အားလုံးလယ်ကွင်းများဖြစ်ပြီး ရိတ်သိမ်းပြီးစ ရိုးပြတ်များဖြင့် ရွှေဝါရောင်ထနေသည်။ မင်းသုဝဏ်၏ ပေါက်ပန်းပင်များကလည်း တစ်ကိုယ်လုံး အခြားအဝတ် မဝတ်ဘဲ ပန်းနီများပန်ဆင်ခြုံလွှမ်းကာ လက်များဆန့်၍တစ်ဖုံ၊ ကွေး၍တစ်မျိုး၊ မြှောက်၍တစ်နည်း၊ ချ၍တစ်သွယ် ကပြနေကြသည့်နှယ် ဖြစ်သည်။ သည်ကြားထဲ သံလွင်မြစ်ရေပြာလဲ့လဲ့သည် ကောင်းကင်ပြာလဲ့လဲ့နှင့် ပြိုင်ဆိုင်ကာ ကွေ့ဝိုက်စီးဆင်းနေသည်။

mgyoe.com

ဖွဲကပင်တောင်ထိပ် ရှုမျှော်ခင်းမျှော်စင်မှ မြင်ခဲ့ရသော သံလွင်မြစ်ဝှမ်း၏ သဘာဝအလှကို ဘယ်တော့မှ မေ့နိုင်မည် မဟုတ်ပါ။

ကျွန်တော်တို့သည် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရာ ဗဟိုရင်ပြင် (ဝါ ကျွန်တော်ကြိုက်သလို နာမည်ပေးရလျှင် ဖွဲကပင်ရင်ပြင်) သို့ နံနက် ၅ နာရီအရောက် သွားကြရလေသည်။ ကျွန်တော်တို့ အနုပညာသမားများအား ရှေ့ဆုံးနှစ်တန်း လက်ဝဲထောင့်ကွက်မှာ နေရာကောင်းကောင်းပေးထား၏။ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်အဖွဲ့များ နေရာယူကြရန်နှင့် ပြည်ထောင်စုအလံတော် ဆိုက်ရောက်လာရန် ကျွန်တော်တို့သည် တစ်နာရီကျော်ကျော် ထိုင်စောင့်ကြရလေသည်။ ထိုအချိန်ကို ကျွန်တော်တို့ ကောင်းစွာ အသုံးချနိုင်ကြလေသည်။

အရှေ့ဘက် ကောင်းကင်ပြာမှုန်မှုန်သည် သာစွာငွေရောင် လုလာလေပြီ။ ကြယ်တာရာအပေါင်းသည် ငြိမ်းခါနီးသော မီးကဲ့သို့ မှိတ်တုတ်မှိတ်တုတ် ဖြစ်လာလေပြီ။ ထိုအချိန်တွင် သာစွာငွေရောင်လုနေသော မိုးကုပ်စက်ဝိုင်းပေါ်တွင် ရှုမငြီးသော ဖွဲကပင်၏ကောက်ကြောင်းကြီးသည် တရေးရေး ပေါ်လာလေသည်။ ထို့နောက် တဖြည်းဖြည်း ဖွဲကပင်ကောက်ကြောင်း အပေါ်မှာ သာစွာငွေရောင် တိမ်တိုက်တိမ်လွှာတို့ကို ဆွတ်ဆွတ်ဖြူသော ငွေအနားအရေးများ ခြံရံလျက် တွေ့မြင်ကြရလေသည်။

မင်းသုဝဏ်က ကျွန်တော့်အား လက်တို့လျက် –

"ကြည့်စမ်း ဘယ်လောက် လှသလဲ"

ကျွန်တော် –

"ကျွန်တော်လည်း ဒါပဲကြည့်နေတာ"

ကျွန်တော်သည် ရှေ့မှထိုင်နေသော ပန်းချီဦးကိုလေး၏ပခုံးကို လက်တို့လျက်

"ကြည့်စမ်းဗျို့၊ ဘယ်လောက် လှသလဲ"

ဦးကိုလေး –

"ကျွန်တော်လည်း ဒါကြည့်နေတာပဲ၊ သိပ်အေးတဲ့အရောင်"

မင်းသုဝဏ် –

"လေကလေးကလည်း တယ်အေးသဗျ"

mgyoe.com

mgyoe.com

နံနက်ခင်းလေပြည်သည် တသုန်သုန်တိုက်ခတ်လျက် အအေးဓာတ် ပေးနေလေသည်။ မျက်စိလည်း အေး၊ လူလည်းအေး။

ခဏကြာသော် အရှေ့ကောင်းကင်သည် နှင်းဆီပန်းရောင် အလင်း ဆောင်လာသည်။ တစ်နေရာတွင်ကား အနီရောင်ရဲရဲ အကက်ကွဲထွက်ပေါ်လာ သည်။ နေမင်းကြီးသည် ကိုယ်တော်တိုင် မထွက်လာမီ ရှေ့တော်ပြေးများကို စေလွှတ်လျက် ရှိလေပြီ။

လင်းအရုဏ်ဦးရောင်ခြည်များ စည်စည်ကားကား ကွန့်မြူးယှက်သန်း ကာ ပြည်ထောင်စုအလံတော်ကို ကြိုဆိုနေကြလေပြီ။

ထိုအခိုက် အသံချဲ့စက်မှ ပြည်ထောင်စုအလံတော်သည် တပ်မတော် ရေယာဉ်ဖြင့် ဘားအံမြို့သို့ဦးတည်ကာ သံလွင်မြစ်ကို ကူးဖြတ်လျက်ရှိ ကြောင်း ကြေညာလိုက်လေသည်။

မာယာများလှသော ဖွဲကပင်တောင်ကား လှပုံအသွင် အမျိုးမျိုးပြောင်း နေသည်။ သူ့မာယာကို ကွေ့ဝိုက်စီးဆင်းနေသော သံလွင်ကလည်း ဖန်ဆင်း ခဲ့သည်။ ခုတော့အရုဏ်ဦးရောင်ခြည်များက သူ့မာယာကို ဖန်ဆင်းနေပြန်ပြီ။

ကျွန်တော့်စိတ်ထဲတွင်ကား လင်းအရုဏ်ဦးရောင်ခြည်များကြားမှ ဖွဲကပင်သည် အသွင်အမျိုးမျိုးဖြင့် လှနေပြန်ပြီ။

မာယာများသော ဖွဲကပင်၊ ပုံသဏ္ဌာန်သွင်ပြင်အမျိုးမျိုးဖြင့် လှပသော ဖွဲကပင်။ သူ့မာယာများကို သံလွင်ကလည်း ဖန်ဆင်းခဲ့သည်။ အရုဏ်ဦး ရောင်ခြည်များကလည်း ဖန်ဆင်းခဲ့သည်။ ကျွန်တော့်စိတ်ကလည်း ဖန်ဆင်း နေသည်တကား။

ဗိုလ်တထောင်သတင်းစာ၊ ၁၆-၁၇၊ ဖေဖော်ဝါရီ၊ ၁၉၆၅

❖

mgyoe.com

mgyoe.com



မိုးခေါင်ရေရှားဒေသ၏ ဗဟိုဖြစ်နေသော မြင်းခြံ၊ မိတ္ထီလာနှင့် မကွေး ခရိုင်တို့ ပြန်လည်စိမ်းစိုရေးမှာ ပုပ္ပားတောင်နှင့် ဘေးပတ်လည်သစ်တော ပြန်လည်ထူထောင်ရေး အောင်မြင်မှုတွင် တည်နေပေသည်။ ထို့ကြောင့် ပုပ္ပားတောင်နှင့် ဘေးပတ်လည်သစ်တော ပြန်လည်ထူထောင်ရေးလုပ်နေ သည်မှာ နှစ်အတန်ကြာသွားပါပြီ။ အမှန်အားဖြင့် ထိုလုပ်ငန်းသည် လွတ် လပ်သောမြန်မာပြည်၏ ဦးစားပေးနှင့် ဇောက်ချလုပ်ငန်းတစ်ရပ် ဖြစ်ခဲ့သည်။

ဦးစားပေးနှင့် ဇောက်ချလုပ်ငန်းတစ်ရပ်ဖြစ်သည့်အတိုင်း အောင်မြင်မှု ကိုလည်း အတော်အတန် ထင်ရှားစွာ တွေ့မြင်နေရပေပြီ။

ပုပ္ပားတောင်နှင့် ဘေးတစ်ဝိုက်တွင် သစ်တောကလေးများ ပေါ်နေပါ ပြီ။ ခေါင်းတုံးဖြစ်နေခဲ့သော တောင်ကုန်းကလေးများမှာ စိုစိုပြည်ပြည်ဖြစ်နေ ပြီ။ ပေ ၅၀၀၀ နီးပါးမြင့်သော ပုပ္ပားတောင်မကြီး၏ ကျောက်ကုန်းနှင့် ထိပ်ပိုင်းတွင် ယခင်က ကန္တာရအခြေအနေ လွှမ်းမိုးနေခဲ့ရာ ယခုအခါ ကန္တာရ ကို နိုင်နင်းခဲ့လေပြီ။ အအေးဒဏ်နှင့်လေဒဏ်ခံနိုင်သော လွန်စွာသတ္တိကောင်း

mgyoe.com

mgyoe.com

သော အပင်များ စိုက်ပျိုးထူထောင် အောင်မြင်နေသည်။ နာနတ်လျှော်ပင်များက လက်ရုံးဆန့်တန်းလျက်၊ ထင်းရှူးပင်များက ကုန်းရုန်းထလျက်၊ စွယ်တော်ဖြူက ခေါင်းထူလျက်၊ မြက်တွေက နေရာတကာဖုံးလျက်။

ပုပ္ပားတောင်နှင့် ဘေးတစ်ဝိုက် တောနှင့်တောင်ခြေ စိုပြည်လာသောကြောင့် ရာသီဥတုပင် ပြောင်းလာသည်။ ပုပ္ပားကို မဆိုထားနှင့် ကျောက်ပန်းတောင်းပင်လျှင် အပူအအေးမျှတလာသည်။ စမ်းချောင်းတွေလည်း ရေပိုထွက်လာသည်ဟု ဆိုကြ၏။

ပုပ္ပားတောင်ဘက် တစ်ခြမ်းလုံးမှ ရေကိုသိုလှောင် အသုံးပြုမည့်ကြက်မောက်တောင်ဆည်ကြီးမှာ မျှော်လင့်ခြင်းကြီးစွာနှင့် အနာဂတ်ကို တွေးမျှော်၍ နေပေပြီ။

ပုပ္ပား၏အနောက်တောင်ဘက်ရှိ ဆည်ပေါက်မှာ ပုပ္ပားကရေနှင့် မြေကျေးရှင်းက စိုက်ပျိုးခင်းလုပ်ထားသည်။ စပျစ်ခြံများသာမက တစ်ပြည်လုံးအတွက် သီးပင်၊ ပန်းပင်၊ ရိပ်သာပင်များ ပျိုးခင်းရှိသည်။ ယခုတစ်ဖန် ပရဆေးပင်များ တိုးချဲ့နေပြန်ပြီ။

သစ်တောဌာနနှင့် မြေကျေးရှင်းတို့ ပူးပေါင်းလျက် ပရဆေး၊ အသီးအမြစ်၊ အခေါက်များကို နိုင်ငံခြားမှမမှာရဘဲ ကိုယ့်ပြည်တွင်းမှာလုံလောက်စွာထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက် ရှိကြသည်။ အောင်မြင်လျှင် နိုင်ငံခြားငွေ သိန်း ၅၀ မျှ သက်သာမည်ဖြစ်သည်။ ထိုအတွက် ပုပ္ပားကို များစွာအားကိုးရမည်ဖြစ်၏။

ဆည်ပေါက်မြေကျေးရှင်းခြံတွင် ပရဆေးပင်အချို့ကို စိုက်ပျိုးလျက်ရှိ၏။ ပွေးကိုင်း ၁၆ ဧကစိုက်ထားသည်။ သမားရိုးကျနည်းမှာ ပွေးကိုင်းအရွက်ကိုသာ သုံးသော်လည်း ဘီပီအိုင်က အရိုးတံ၊ အသီးအခွံ အားလုံးကိုသုံးသည်။ စပျစ်ပင်များနှင့် ရှောက်သံပရာပင်များကြားတွင် စမုန်စပါးကိုစိုက်ထားသည်။ စမုန်စပါးမှာလည်း စပါးစေ့ရော အရိုးကိုပါသုံးနိုင်သည်။ ရှားဇောင်းလက်ပပ်ကိုလည်း ဧကများစွာ စိုက်နေ၏။

ပုပ္ပားနှင့် ဘေးတစ်ဝိုက်သည် ပရဆေးအသီး၊အမြစ်၊ အခေါက်အမျိုးမျိုးထွက်ရာမှာ တစ်ပြည်လုံးအစုံဆုံးနှင့် အများဆုံးဖြစ်၏။ ရှေးလူပေါင်းတို့စိုက်ပျိုးထားခဲ့သော မျိုးဆက်များ ယနေ့တိုင် ကျန်နေရစ်ဟန်ရှိသည်။ မြေ

mgyoe.com

mgyoe.com

ကျေးရှင်းခြံမှ ကျွမ်းကျင်သူများကို ပရဆေးသီးကောက်ရန် (သို့မဟုတ်) ဆေးမြစ်တူးရန် ပုပ္ပားတောင်အနှံ့ စေလွှတ်နေသည်။ မှတ်ပုံတင်ထားသော အပြင်လူများထံမှလည်း ဝယ်ယူလျက်ရှိသည်။ ပရဆေးပင်ရှာသူတို့သည် အမြစ်ဆိုလျှင် ၃ပုံ ၁ပုံသာ တူးယူရမည်။ အသီးဆိုလျှင် တစ်ဝက်သာ ဆွတ်ယူရမည် ဟူသော စည်းကမ်းသတ်မှတ်ချက်ကို လိုက်နာကြရသည်။ သို့ကလိုမှ စည်းကမ်း မသတ်မှတ်လျှင် မျိုးပြုတ်သွားနိုင်ပေသည်။ အမှန်မှာ ပုပ္ပားတောင် မစိုပြည်လျှင် ပရဆေးပင်များ မျိုးပြုတ်မည်သာ ဖြစ်ပေသည်။

ယခုမူ သစ်တောပြန်လည်ထူထောင်ရေး တိုးတက်လာသည်နှင့်အမျှ တောင်တန်ကြီးသား၊ အကျော်မြစ်၊ စောင်ချမ်းနက်အမြစ်၊ ရင်းပြားမြစ်၊ မယားနင်းအမြစ်၊ ဆေးဝါကြီးမြစ်၊ ရာဇဝင်မြစ်စသည်ဖြင့် ပေါပေါများများ ရနိုင်လာပေသည်။

ထို့ကြောင့် –

စိမ်းလန်းစိုပြည်လာသော ပုပ္ပားသည် မြင်းခြံ၊ မိတ္ထီလာနှင့် မကွေး ခရိုင် တို့ကိုသာမက ပြည်ထောင်စုမြန်မာနိုင်ငံတစ်ခုလုံးကိုလည်း မျှော်လင့် ချက်အမျိုးမျိုး ပေးလျက်ရှိသည်။

သို့ရာတွင် ယခုနှစ် ပုပ္ပားတောင်တွင် လောင်လေသော တောမီးသည် ထိုမျှော်လင့်ချက်များကို လောင်မြိုက်၍ နေပေသည်။ ထိုတောမီးများသည် ကျွန်တော်၏ အသည်းနှလုံးများကို ပူပန်ခြောက်သွေ့စေ၏။ ဆည်ပေါက် မြေကျေးရှင်းခြံတွင် ကျွန်တော်ရောက်သောနေ့ မတိုင်မီ တစ်ရက်က ဆည်ပေါက်အထက်နားတွင် တောမီး အကြီးအကျယ် လောင်ခဲ့လေသည်။ ဆည်ပေါက် မြေကျေးရှင်းခြံတွင် အလုပ်လုပ်နေကြသော လုပ်သား ၁၅၀မျှ သည်လည်းကောင်း၊ ပုပ္ပားဘေးတစ်ဝိုက်ရွာများမှ တစ်ရွာ ၁၀ယောက်မျှ ပါဝင်သော တောင်သူကြီးများသည်လည်းကောင်း၊ သစ်တောရေးဌာန မီး သတ်များသည်လည်းကောင်း မီးလောင်ရာသို့ ပြေးသွားကာ ကြိုးစားပမ်းစား သတ်ကြသော်လည်း ဧက ၅၀၀မျှ တောမီးလောင်သွားသည်ဟု သိရလေ သည်။

ပုပ္ပားတောင်မကြီးကို ဖြတ်ပြီး ပုပ္ပားအရှေ့ဘက်ရှိ နဂါးလယ်နှင့် ရှော်တောရွာများသို့ ရောက်သွားသောအခါ တောမီးများအကြောင်းကို စုံစမ်း

mgyoe.com

mgyoe.com


ကြည့်သည်။ သည်နှစ်အထူး တောမီးထူပြောသည်ဟု ပြောလိုက်ကြလေသည်။

ရှော်တောရွာမှ ကျင်းမရှိ မြေကျေးရှင်းကော်ဖိခြံသို့ သွားသောလမ်းမှာ ပုပ္ပားတောင်ခါးပန်းကို တောင်ဘက်မှကွေ့သွားရသော လမ်းဖြစ်သည်။ ထိုလမ်းတစ်လျှောက်တွင် အကြီးအကျယ် တောမီးလောင်ထားသည်ကို တွေ့ခဲ့ရလေသည်။ လွန်စွာကြေကွဲ ဝမ်းနည်းဖွယ်ကောင်းသော မြင်ကွင်းပေတည်း။

ဧကများစွာရှိမည့် ရှည်လျားသော အကွက်ကြီးများတွင် သစ်ပင်များကို ခုတ်လှဲထားကြသည်။ သစ်တောပြန်လည်ထူထောင်ရေးမှာ အတော်အရှိန်ရနေပြီဖြစ်၍ သစ်ပင်များမှာ ခြေသလုံး ပေါင်လုံးလောက် တုတ်နေကြပေပြီ။ ယခုအခါ ငုတ်တိုချည်း ကျန်ရစ်၏။ သစ်ပင်များကို ခုတ်လှဲယူပြီးမှ 'ကျွန်းရှင်း' သည်ဟုဆိုကာ မီးရှို့ ရှင်းလင်းထားကြသည်။ ထိုရှို့မီးမှ တစ်ဖန် အခြားနေရာများသို့ ကူးစက်လောင်ကျွမ်းထားသည်။

မတော်တဆမီးမဟုတ်၊ ရှို့မီးဖြစ်သည်။

ထိုနေရာမှ တောင်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ ကြက်မောက်တောင်နှင့် ဆည်ကြီးကိုမြင်ရ၏။ ရေအိုင်ကြီးပင် ထွန်းနေပေပြီ။ ပုပ္ပားတောင်ဘက် တစ်ခြမ်းလုံးမှ စီးဆင်းသမျှသော စမ်းရေနှင့် မိုးရေများသည် ကြက်မောက်တောင်ဆည်ကြီးသို့ စီးကြရသည်။ သစ်တောကောင်းလေ၊ စမ်းရေအားကောင်းလေ၊ မိုးခေါ်နိုင်လေ ဖြစ်ပေမည်။ သစ်တောကို မီးရှို့ဖျက်ဆီးခြင်းသည် ကြက်မောက်တောင်စီမံကိန်းကို ဖျက်ဆီးရာ ရောက်နေပေသည်။

ရှော်တောရွာသို့ ကျွန်တော်ရောက်စဉ် တောအုပ်ကြီးတစ်ယောက်ရောက်နေကာ မီးရှို့မှုများကို စုံစမ်းစစ်ဆေးလျက် ရှိလေသည်။

တောင်အောက်သစ်တောတွင် လောင်သောမီးမှာ ခရီးသွား တောင်သူတောသားများ ပေါ့လျော့၍ဖြစ်သည်။ ဆေးလိပ်ကို ပစ်စလက်ခတ် လုပ်ကြသည်။

တောင်ခါးပန်းရှိတောများကို လောင်သောမီးမှာ ရှို့မီးဖြစ်သည်။ အချို့နေရာတွင် ရွာသားအချို့သည် တားမြစ်ထားသည့်ကြားက အလစ်ဝင်ပြီး တောခုတ်ကြသည်။ အချို့နေရာတွင်ကား မြေစာရင်းဌာနက ရမ်းကားထား

mgyoe.com

mgyoe.com


ခြင်းဖြစ်သည်။ ပျောက်ဆုံးနေသော ကွင်းတစ်ကွင်းကို ရှာသည်ဆိုကာ မှန်ချိန်မြေတိုင်းရင်း သစ်ပင်တွေအရမ်းခုတ်လိုက်ကြသည်။ မတည့်သေးဟုဆိုတိုင်း ခုတ်ခုတ် သွားကြလေသည်။

ယင်းသို့ တောခုတ်ထားသော နေရာများတွင် ရွာသားအချို့က ငှက်ပျောခြံလုပ်ရန် မီးလိုက်ရှို့ကြလေသည်။ မြေစာရင်းဌာန ရာထမ်းမှူထမ်းများနှင့် ငှက်ပျောခြံသမားများ စည်းဝါးရိုက်ပြီး တောသစ်ကို ဖျက်ဆီးလိုက်သလိုဖြစ်နေပေသည်။

ပုပ္ပားသစ်တောပြန်လည်ထူထောင်ရေး ပရိုဂျက်ကို လွှန်ခဲ့သောနှစ်က သစ်တောရေးဌာနသို့ လွှဲအပ်လိုက်၏။ မီးကင်းလေးကင်းရှိရာ ယခင်က တစ်ကင်းလျှင် တောကြပ်တစ်ယောက်နှင့် မီးစောင့် ၁၀ယောက်ရှိခဲ့လေသည်။ ယခုအခါ သစ်တောရေးဌာနက ချွေတာရေးလုပ်သည်ဆိုကာ မီးကင်းတစ်ခုလျှင် တောကြပ်တစ်ယောက်နှင့် မီးစောင့်သုံးယောက်သာ ထားတော့သည်။ ပြန်လည်ထူထောင်ရေး အရှိန်ကောင်းပြီး သစ်တောသစ် 'လူလားမြောက်ချိန်' ရောက်လာမှ မီးစောင့်တွေ လျှော့ချလိုက်ခြင်းဖြစ်ရာ 'တစ်ပဲချွေတာ၊ တစ်ကျပ်ဖြုန်း'ဆိုသော စကားပုံကဲ့သို့ ဖြစ်နေပေသည်။ ပုပ္ပားတောင်နှင့် ဆေးတစ်ဝိုက် သစ်တောများကို တောကြပ်လေးယောက်၊ မီးစောင့် ၁၂ ယောက်နှင့် ထိန်းသိမ်းနေခြင်းမှာ ဘယ်နည်းနှင့်မျှ မနိုင်နိုင်ချေ။ သစ်တောဌာန တိုးချဲ့ပါဆိုလျှင် အထက်အရာရှိများ ဦးရေတိုးချဲ့ခြင်း၊ အခွင့်အရေးသစ်ဖန်တီးခြင်း စသည်တို့သာ လုပ်လေ့ရှိသည်။ တကယ်လုပ်အပ်သည်မှာ မီးစောင့်၊ မီးကြပ်၊ တောကြပ်၊ တောခေါင်းစသည်များကို တိုးချဲ့ရန်ဖြစ်သည်။ ပုပ္ပားတောင်မှာ လောင်ခဲ့လေသော တောမီးများကို ကျကျနနစုံစမ်းကာ ထိထိရောက်ရောက် အရေးယူသင့်ပါကြောင်း။

ဗိုလ်တထောင်သတင်းစာ၊ ၁၉၊ မေ၊ ၁၉၆၅

❖

mgyoe.com

mgyoe.com

## ပင်းပက်သို့

တောင်ကြီးမြို့မှာ ပြည်ထောင်စုပွဲတော် ကျင်းပနေစဉ် တစ်နေ့သ၌ ကျွန်တော်တို့ဟာ 'ပင်းပက်' သို့ သွားရောက် လေ့လာကြတယ်။

သတင်းစာဆရာ၊ စာရေးဆရာအချို့အပြင် တက္ကသိုလ်များ အုပ်ချုပ်ရေးရုံးညွှန်ကြားရေးမှူး ဒေါက်တာညီညီ၊ လမ်းစဉ်ပါတီဌာနချုပ်မှ ဗိုလ်ရဲထွဋ်နှင့် သခင်တင်မြတို့လည်း ပါကြတယ်။

'ပင်းပက်' ဆိုတာ တောင်ကြီးမြို့မှ လေးမိုင်လောက်သာ ဝေးတယ်။ တောင်ကြီး–ဟိုပုံး လမ်းမကြီးမှ ခွဲပြီး တောလမ်းကလေးဖြင့် သွားရတယ်။

လမ်းခွဲကို ကောင်းကောင်းမသိလို့ ဟိုပုံးအထိရောက်သွားကြတယ်။ နောက်မှ စုံးစမ်းမေးမြန်းပြီး တောင်ကြီးဘက်လှည့်ပြန်ကာ လမ်းခွဲကလေးသို့ ရောက်လာကြတယ်။

လမ်းခွဲကလေးမှ ဆင်းလာခဲ့ပြီး ရွာကြီးတစ်ရွာကို ဖြတ်သွားရတယ်။ များမကြာမီ 'ပင်းပက်' တောင်မှူးသို့ ရောက်သွားကြတယ်။

'ပင်းပက်' တောင်ဟာ ယခုနေတော့ သိပ်မထင်ရှားသေးဘူး။ မြန်မာ

mgyoe.com

mgyoe.com

ပြည်အရပ်ရပ်မှ လူအများမသိကြသေးတာ မပြောနှင့်၊ တောင်ကြီးမှလူတွေ တောင် ကောင်းကောင်း မသိကြသေးဘူး။ 'ပင်းပက်'ဟာ ဘူမိဗေဒသမားများ နှင့် စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းမှာ စိတ်ဝင်စားနေသူတွေရဲ့ကြားမှာတော့ နာမည်အလွန်ကြီးနေတယ်။

'ပင်းပက်' ဟာ တစ်နေ့သောအခါ တိုင်းပြည်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် သော့ချက်ဖြစ်မယ့် တောင်တစ်တောင်ဖြစ်တယ်။

ခပ်လှမ်းလှမ်းက ကြည့်လျှင်ဖြစ်စေ၊ တောင်ခြေမှ ကြည့်လျှင်ဖြစ်စေ 'ပင်းပက်' ဟာ သာမန်တောင်ကလေး တစ်တောင်ပဲဖြစ်တယ်။ ပုပ္ပားတို့၊ ဇွဲကပင်တို့လို ထူးခြားသောပုံသဏ္ဌာန်ဖြင့် လူတွေ စိတ်ဝင်စားအောင် လုပ်နိုင်သောတောင်မျိုးလည်း မဟုတ်ဘူး။

ပင်းပက်တောင်ခြေမှာ သံသတ္တုစမ်းသပ်တူးဖော်ရေး စခန်းတစ်ခု ရှိတယ်။ အဲဒီစခန်းမှာ စခန်းတာဝန်ခံနှင့် အလုပ်သမား ၃၀ လောက်ရှိတယ်။ သူတို့တာဝန်ကတော့ ပင်းပက်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ပဲ။ နောက်ထပ် စမ်းသပ်တူးဖော်ဖို့ မလိုတော့ဘူး။

ကျွန်တော်တို့ဟာ အဲဒီစခန်းကို ကြိုတင်အကြောင်းကြားခြင်း မရှိဘဲ နှင့် သွားရောက်လေ့လာကြခြင်းဖြစ်တယ်။ ရောက်တော့မှ ဘယ်သူဘယ်ဝါ တွေပါပဲလို့ ပြောပြကြတယ်။ စခန်းတာဝန်ခံနှင့် သူ့ရဲဘော်များဟာ ကျွန်တော်တို့လာလို့ အံ့သြနေသော်လည်း ဝမ်းသာအားရ ရှိကြတယ်။ အားတက်သရော လိုက်ပြကြတယ်။

ပင်းပက်ကို အနောက်ဂျာမန် ကရု(ပ်)ကုမ္ပဏီမှ သံသတ္တုပါရဂူများ စုံစမ်းလေ့လာပြီးကြပြီ။ အပေါ်ယံကျောက်လွှာ ကျောက်သားတွေကို လေ့လာရုံတင်မဟုတ်ဘူး။ ပေ ၄၀၀ ရှည်လျားတဲ့ ဥမင်လိုဏ်ခေါင်းသတ္တုတွင်း နှစ်တွင်းဖောက်ပြီး လေ့လာတယ်။ နေရာများစွာမှာ စိန်လွန်ပူနှင့် အနက်ပေ ၂၀၀ သို့မဟုတ် ၃၀၀ ထိတူးပြီး လေ့လာတယ်။

ကျွန်တော်တို့ဟာ ဂျစ်ကားနဲ့ တောင်ပေါ်တက်သွားကြတယ်။ ဥမင်လိုဏ်ခေါင်းသတ္တုတွင်း တစ်တွင်းကို ဝင်ကြည့်ကြတယ်။ လျှပ်စစ်မီးရောင် မရှိလေတော့ လက်ဆွဲအောက်လင်းဓာတ်မီးနှင့် ဝင်ကြရတယ်။

နောက်ပြီးတော့ လွန်ပူနှင့်ဖောက်ထားသော တွင်းနေရာအချို့ကို ကြည့်

mgyoe.com

mgyoe.com

ကြတယ်။

တောင်ကမ်းပါးယံကိုဖြိုပြီး သံသတ္တုရှာဖွေထားသော နေရာများကိုလည်း တွေ့ရတယ်။

တောင်တစ်တောင်လုံး သံသတ္တုပါတဲ့ ကျောက်လွှာကျောက်သားအတိဖြင့် ပြီးနေတယ်။

ကျောက်လွှာတစ်ခုနှင့်တစ်ခု သံသတ္တုပါတဲ့ ရာခိုင်နှုန်းသာ ကွာခြားတယ်။ သို့သော်လည်း ပျမ်းမျှအားဖြင့် ပင်းပက်ကျောက်များဟာ သံသတ္တု ၆၀ ရာခိုင်နှုန်း ပါဝင်နေတယ်လို့ ဆိုတယ်။

အနောက်ဂျာမန်ပါရဂူများက 'ပင်းပက်' တောင်မှာ သံသတ္တု နှစ်စဉ်တန်ချိန် တစ်သန်းတူးယူလျှင် အနည်းဆုံး အနှစ် ၂၀ အထိ တူးယူနိုင်မည်လို့ ခန့်မှန်းထားကြောင်း ကြားသိရတယ်။ မကြာမီက ဆိုဗီယက်ပါရဂူများလည်း လာရောက်စစ်ဆေးသွားကြပြီလို့ ကြားခဲ့ရတယ်။

အားလုံးခန့်မှန်းခြေများကတော့ နောက်ထပ် စမ်းသပ်တူးဖော်ဖို့ မလိုတော့ပါဘူး။ တကယ်တမ်း အလုပ်စဖို့သာ လိုတော့တယ်လို့ ဆိုကြသတဲ့။

ကျွန်တော်က မြေအောက်သတ္တုတွင်းများ တူးမည့်အစား တောင်တစ်ခုလုံးဖြိုခွဲပြီး ယူရလျှင် မကောင်းပေဘူးလားလို့ ဒေါက်တာညီညီကို မေးတယ်။ ဒေါက်တာညီညီက ပင်းပက်သံသတ္တုတွင်းများကိုလုပ်ရင် Open cast mine အမိုးဖွင့်သတ္တုတွင်း လုပ်ရမှာပဲလို့ ပြောတယ်။

ပင်းပက်ကို စအလုပ်လုပ်ရန် ဆုံးဖြတ်ရမည့် အချက်တစ်ချက်ရှိတယ်။ တူးဖော်ရရှိတဲ့ သတ္တုရိုင်းကို ဘယ်နေရာမှာ ကျိုချက်မည်လဲ၊ ဘယ်လိုမီးအားနှင့် ကျိုချက်မည်လဲ။

သံသတ္တုကျိုချက်ရန် သဘာဝလောင်စာကတော့ ကျောက်မီးသွေးပဲ။ ကလေးဝမှ ကျောက်မီးသွေးကို သုံးနိုင်မည်လော။

ကလေးဝမှ ကျောက်မီးသွေးကို တောင်ကြီး၊ ပင်းပက်သို့ရောက်အောင် သယ်ဆောင်မည်လား။ သို့မဟုတ် တစ်နေရာသို့ ပင်းပက်သံသတ္တုရိုင်းများကို သယ်ဆောင်သွားမည်လား။

အချို့ပုဂ္ဂိုလ်များက သံသတ္တုကျိုချက်စက်ကို ဧရာဝတီနှင့် ချင်းတွင်း ပေါင်းဆုံရာတစ်ဝိုက်မှာ တည်ထောင်ဖို့ စဉ်းစားနေကြတယ်။ အဲဒီနေရာသို့

mgyoe.com

mgyoe.com

ကလေးဝကျောက်မီးသွေးနှင့် ပင်းပက်သံသတ္တုရိုင်းတို့ကို ပို့ပေးရမယ်။

နောက်တစ်ချက် ရွှေညောင်မှနေပြီး ပင်းပက်သို့ မီးရထားလမ်းဖောက်ပေးရမယ်။ ယခုကားလမ်းအတိုင်း တောင်ကြီးသို့တက်လျှင် လွန်းပျံမီးရထားလမ်း ဖောက်ပေးရမယ်။ သို့မဟုတ် လျှပ်စစ်ကြိုးရထား လုပ်ပေးရမယ်။ နောက်တစ်နည်းကတော့ တောင်ကြီးမြို့သို့ မတက်ဘဲ တောင်ကြီးတောင်ခြေမြောက်ဘက်နှင့် အရှေ့ဘက်မှ ပန်းတက်ပြီး ကွေ့ဝိုက်သွားရန်ဖြစ်တယ်။

ဒီလမ်းက သံသတ္တုရိုင်း ပို့ဆောင်ရေးအတွက်သာမက လူသွားလူလာနှင့် အခြားကုန်ပစ္စည်းပို့ဆောင်ရေးအတွက် ပိုအကျိုးရှိမယ်လို့ ဆိုတယ်။

ဘယ်သို့ပင်ဆိုဆို ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ပင်းပက်က အရှိန်ကြီးစွာနှင့် တွန်းကန်ပေးမှာပဲ။

တစ်နှစ်လျှင် သံသတ္တုတန်ချိန် တစ်သန်းတူးဖော်ပြီး ကျိုချက်နိုင်လျှင် မြန်မာပြည်အနေနှင့်ဆိုလျှင် အလွန်ကြီးမားတဲ့ သံမဏိလုပ်ငန်းကြီးတစ်ခု ဖြစ်လာလိမ့်မယ်။

အခြေခံသံမဏိလုပ်ငန်း ထူထောင်နိုင်တယ်ဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံကို စက်မှုထွန်းကားသော ခေတ်မီနိုင်ငံတစ်နိုင်ငံ အဖြစ်သို့ ကူးပြောင်းပေးရာမှာ ပင်းပက်ဟာ သော့ချက်နေရာကို ယူလိမ့်မည်ဖြစ်ကြောင်း ထင်ရှားတယ်ဗျ။

ဗိုလ်တထောင်သတင်းစာ၊ ၂၅၊ ဖေဖော်ဝါရီ၊ ၁၉၆၆

❖

mgyoe.com

mgyoe.com

## ထပ်ထပ်တွေ့နေရသော ပုဂံ

ကျွန်တော် ပုဂံကို ရောက်ရပြန်ပါပြီ။

တို့ဗမာအစည်းအရုံး ၁၉၃၅ ခုနှစ် ရေနံချောင်းညီလာခံအပြီးတွင် မစ္စတာမောင်မှိုင်း အမည်ခံ ဆရာလွန်းနှင့်အတူ ပုဂံကို ပထမဆုံးအကြိမ် ရောက်ပြီးနောက် အကြိမ်ကြိမ် ထပ်ရောက်ခဲ့ပါတယ်။ ၁၉၅၉ ခုနှစ် ပုဂံ ရက်သတ္တပတ်မှလွဲ၍ ကျန်အခေါက်များဟာ ခဏတစ်ဖြုတ်သာ ရောက်ခြင်း ဖြစ်တယ်။ ပုဂံရက်သတ္တပတ်ကတော့ ရှေးဟောင်းသုတေသနဌာနမှ ကြီးမှူး ပြီး 'လူစိမ်း' များ လေ့လာရေးလုပ်ကြရခြင်းပါ။ စိတ်ပါဝင်စားသူတွေကို ရှေးဟောင်းသုတေသနဌာနက ပုဂံရှေးဟောင်းအဆောက်အအုံများ၊ စေတီ၊ ဂူ၊ ကျောင်းများ၊ နန်းတော်ရာများ၊ ပြတိုက်များ စသည်တို့ကို လိုက်ပြတယ်။ ပြရင်း ရှင်းလင်းဟောပြောတယ်။ ညတွေမှာ ဆွေးနွေးပွဲလုပ်ပေးတယ်။ တည်းခိုစရာနှင့် စားသောက်စရာ စီစဉ်ပေးတယ်။ ပါဝင်လေ့လာသူတွေက တစ်ယောက် ၇၅ ကျပ်လား၊ ၁၀၀ လား ပေးရတယ်။

ပုဂံရက်သတ္တပတ်ဟာ 'လူစိမ်း' များကို ပုဂံဝါသနာအိုးတွေ၊ ပုဂံသုတေ

mgyoe.com

mgyoe.com


သီတွေ ဖြစ်စေတယ်။ 'လူစိမ်း' တွေဟာ ပုဂံရက်သတ္တပတ် ပြီးတဲ့နောက် ပုဂံကို ထပ် ထပ်တွေ့ကြတယ်။ ပုဂံကို ထပ်ရောက်လို့ ထပ်တွေ့ရတာရှိသလို ရန်ကုန်နေရင်း ပုဂံပန်းချီကားချပ်များ၊ ပုဂံရှေးဟောင်းပစ္စည်းများ စသည်တို့ ကို ကြည့်ရလို့ ပုဂံကို ထပ်တွေ့ရခြင်းများလည်း ရှိတယ်။

ယခုတစ်ခေါက် ကျွန်တော်ရောက်တော့ ပုဂံကိုထပ်တွေ့ရပြန်ပါပြီ။

ကျွန်တော်တို့လို လူစိမ်းတွေသာ ပုဂံကိုထပ်တွေ့ခြင်းမဟုတ်ဘူးဗျာ။ ရှေးဟောင်းသုတေသနဌာနမှာ အမှုထမ်းနေတဲ့လူတွေ၊ မြန်မာနိုင်ငံ သမိုင်း ကော်မရှင်မှ လူတွေ၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမှ ဆရာ၊ ဆရာမ၊ ကျောင်းသား ကျောင်းသူတွေလည်း ထပ်ထပ်တွေ့နေကြတယ်။

ပုဂံကိုရောက်တယ်ဆိုရင် သဗ္ဗညု၊ မနူဟာ၊ အာနန္ဒာ၊ အရှေ့ဖက်လိပ်၊ အနောက်ဖက်လိပ်၊ မဟာဗောဓိ၊ ထီးလိုမင်းလို၊ ကန်တော့ပလ္လင်၊ ရွှေစည်းခုံ၊ ဓမ္မရံကြီး၊ မြစေတီစတဲ့ စေတီပုထိုးများကို ဖူးကြရတာပါပဲ။ ဘာသာရေး ရှုထောင့်ဖြင့် ဖူးမြော်ကန်တော့ကြသူတွေ ဘယ်ရွေ့ဘယ်မျှ စေတနာသဒ္ဓါ တရား ပွားများကြမည်ဆိုတာကို ကျွန်တော်မပြောတတ်ပါဘူး။ ယဉ်ကျေးမှု ရှုထောင့်၊ သုခုမအနုပညာရှုထောင့်ဖြင့် ဖူးမြင်ကြရသူများအဖို့ကတော့ အတိုင်းမသိကြည်နူးရတယ်။ အံ့ဩမကုန်နိုင် ဖြစ်ရတယ်။ တအိအိနှင့် ပီတိ ဖြစ်ရတယ်။ ဤမျှမြင့်မားသော ယဉ်ကျေးမှုအနုပညာများကို ဖန်ဆင်းနိုင်ခဲ့တဲ့ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးအတွက် ဇာတိသွေး ဇာတိမာန်တက်ရတယ်။

ပုဂံရောက်တဲ့အခါမှာ ကျွန်တော် အပျော်ဆုံးအလုပ်ကတော့ မနက် စောစော သို့မဟုတ် ညနေစောင်းမှာ ကန်တော့ပလ္လင်ကို တက်လို့ဖြစ်စေ၊ သဗ္ဗညုကို တက်လို့ဖြစ်စေ ပတ်ဝန်းကျင်ကို လှည့်ကြည့်ခြင်းဖြစ်တယ်။ မရေတွက်နိုင်သော စေတီပုထိုးများဟာ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် သပ္ပာယ် တင့်တယ်နေကြတယ်။ ထုံးသုတ် ရွှေချစသည်ဖြင့် အသစ်မွမ်းမံထားကြတဲ့ တန်ခိုးကြီးထင်ရှားနေသော အာနန္ဒာ၊ ကန်တော့ပလ္လင် စသောစေတီတော် များ လှပပုံက တစ်မျိုးပါ။ တစ်နေ့က ရန်ကုန်ပန်းချီပြပွဲမှာ ပန်းချီဆရာ တစ်ယောက်က ကန်တော့ပလ္လင်ကို ရေးဆွဲထားတယ်။ ချက်ချင်း ကျွန်တော် မှတ်ချက်ချလိုက်တယ်။ တူလည်းမတူ၊ လှလည်းမလှ၊ အချိုးလည်းမကျ။ ယခု ကန်တော့ပလ္လင်ထပ်ရောက်တော့ ကျွန်တော့်မှတ်ချက်ဟာ တရားမျှတ

mgyoe.com

mgyoe.com


ကြောင်း ပို့ယုံကြည်တယ်။ ပန်းချီဆရာတွေဟာ ကန်တော့ပလ္လင်ရဲ့အလှကို မီအောင်၊ ကန်တော့ပလ္လင်လို အချိုးကျအောင် ဆွဲမှဆွဲတတ်ကြပါမည်လား လို့ သံသယဖြစ်မိတယ်။

သို့သော်လည်း အာနန္ဒာ၊ ကန်တော့ပလ္လင်၊ ရွှေစည်းခုံစတဲ့ တန်ခိုးကြီး ဘုရားများထက်ပိုပြီး ကျွန်တော့်အာရုံကိုဖမ်းစားတဲ့ စေတီပုထိုးများကတော့ ထုံးမသုတ်၊ ရွှေမချတဲ့ အုတ်သားနီနီနှင့် စေတီပုထိုးကြီးများ ဖြစ်ပါတယ်။ ရှေးဟောင်းသုတေသနဌာနက အချို့စေတီပုထိုးများမှာ ပြိုပျက်သွားသော အုတ်ရိုးအုတ်သားကို မူလအတိုင်း ပြုပြင်ပေးထားတယ်။ အချို့စေတီပုထိုး များကိုတော့ ပျက်လျှင် ပျက်နေသည့်အတိုင်း ထားတယ်။ စူဠာမဏိစေတီ ဆိုလျှင် ခေါင်းလောင်းပုံက အထက်မှာပျက်နေခြင်းကို ပြင်မထားဘူး။ ကျန် အစိတ်အပိုင်းအားလုံးကိုသာ မူလအုတ်ရိုးအုတ်သားအတိုင်း ပြင်ထားတယ်။

ဒီစေတီပုထိုးတွေကို ကြည့်လိုက်လျှင် ရုတ်တရက်တော့ အိန္ဒိယ ဗိသုကာလက်ရာများကို ကူးယူထားတယ်လို့ ထင်ရတယ်။ သို့ပေမဲ့ တစိမ့်စိမ့် ကြည့်လေလေ အိန္ဒိယ ဗိသုကာလက်ရာနှင့် မတူသော အခြင်းအရာတွေ အလှအပတွေကို မြင်ရလေဖြစ်တယ်။ ယနေ့မြန်မာအဝတ်အစားလို့ခေါ်တဲ့ ရှပ်အင်္ကျီ၊ အပေါ်အင်္ကျီ၊ လုံချည် (ပုဆိုး)၊ ခေါင်းပေါင်း စသည်များကို တစ်ခုစီခွဲထုတ်ပြီး ဒါကဖြင့် အာရတ်နှင့်တူတယ်။ ဒါကဖြင့် တရုတ်ထံမှ ယူတယ်။ ဒါကဖြင့် ကုလား စသည်ဖြင့်ပြောရင် မြန်မာ့ကိုယ်ပိုင်တွေ့ဖို့ ခဲယဉ်းတယ်။ သို့သော် တစုတပေါင်းတည်း ကြည့်လိုက်ရင် ဘယ်သူနှင့်မှ မတူတဲ့ မြန်မာကိုယ်ပိုင်ဟန်များကို တွေ့ရမယ်။ အမျိုးသားဝတ်စုံဖြစ်ကြောင်း ထင်ရှားတယ်။ ဒီအတိုင်းပဲ ပုဂံယဉ်ကျေးမှု အနုပညာများမှာ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်သွင်ပြင်လက္ခဏာ အခြင်းအရာများကို တွေ့ရတယ်။

ပုဂံယဉ်ကျေးမှုဟာ ကမ္ဘာ့ယဉ်ကျေးမှုနှင့် အဆက်မကင်းသလို အမျိုး သားဝိသေသ လက္ခဏာများလည်းရှိတယ်။

ယခုအခါမှာ ကျောက်စာ၊ ရှေးဟောင်းပစ္စည်းနှင့် အခြားအထောက် အထားများကို တစ်နေ့တခြား ပို၍ပို၍ များပြားစွာ တွေ့နေကြရတယ်။ တော်စိန်ခို၊ ဂျူရောဆယ်၊ မစ္စတာလူ့စ်တို့ခေတ်က တွေ့ခဲ့ကြတာတွေဟာ နောက်ကျကျန်ရစ်ခဲ့ပြီး အိန္ဒိယနှင့် မွန်မြန်မာအမျိုးသား ဗိသုကာဆရာများ

mgyoe.com

mgyee.com


ထွန်းကားလာပုံကို ကျောက်စာများမှာ တွေ့နေကြပြီ။ အိန္ဒိယမှ ဗိသုကာ ဆရာတွေနှင့် ပန်းရန်အလုပ်သမားတွေက ပုဂံလာပြီး တည်ဆောက်ကြတာ မဟုတ်ဘူးဗျ။ ယခုတွေ့နေရတဲ့ အထောက်အထားတွေ ဘယ်လောက်ပြည့်စုံ သလဲဆိုရင် အုတ်ချပ်များကို ဘယ်အရပ်မှာ လုပ်တယ်ဆိုတာတောင် သိရပြီ။ ပုဂံသား ဗိသုကာဆရာများက ရေးဆွဲတဲ့ပုံစံမှာ ဘယ်ပေါင်းကူးမှာ သုံးမည့် အုတ်ချပ်ဟာ ဘယ်လိုပုံ၊ ဘယ်လိုထုထည်ရှိရမယ်။ ဘယ်ထောင့်ချိုးမှာသုံး မည့်အုတ်ချပ်ကို ဘယ်ပုံသဏ္ဌာန်ဖုတ်ရမယ် စသည်ဖော်ပြထားသည့်အတိုင်း အုတ်ကို မုံရွေးမှာသော်လည်းကောင်း၊ ဟသ်ာတမှာသော်လည်းကောင်း ဖုတ်လုပ်ကြတယ်။ တချို့ပြောကြသလို ပုဂံအနီးမှာ အုတ်တွေဖုတ်၊ ထင်းတွေ သိပ်ကုန်၊ တောတွေပြုန်း၊ မိုးခေါင်ရေရှားဖြစ်လို့ ပုဂံပြည်ကြီး ပျက်ခဲ့ရတယ် ဆိုတာ မဟုတ်ကြောင်း တွေ့ကြရတယ်။

တက္ကသိုလ်ပညာရှိအချို့က ပြောကြတယ်။ အင်းဝခေတ်၊ ကုန်း ဘောင်ခေတ်ပညာရှင်များဟာ ပုဂံကျောက်စာများနှင့် အဆက်ပြတ်သွားကြ တယ်။ ဒါ့ကြောင့် သူတို့စာတွေပေတွေဟာ မခိုင်လုံဘူး။ မစ္စတာဂျူရောဆယ် တို့၊ မစ္စတာလူ့စ်တို့၊ ဦးဖေမောင်တင်တို့ခေတ်ရောက်မှ ပုဂံကျောက်စာတွေ ဖတ်တတ်ကြပြီး ခိုင်လုံသော သမိုင်းအထောက်အထား ရရှိလာကြတယ်။ မြန်မာစာ ခိုင်လုံလာတယ် စသည်ဖြင့်ပါပဲ။ နောက်ဆုံးတွေ့ထားတဲ့ ကျောက် စာနှင့် အခြားအထောက်အထားများအရ အင်းဝခေတ်၊ ကုန်းဘောင်ခေတ် ပညာရှိများဟာ ပုဂံကျောက်စာများနှင့် အဆက်မကင်းကြောင်း သက်သေ တွေ့ကြရပြန်တယ်။

အာနန္ဒာဘုရားမှာ နံရံဆေးရေးပန်းချီများ မရှိဘူးလို့ ယူဆခဲ့ကြတယ်။ ထုံးတွေ အကြိမ်ကြိမ် သုတ်ထားတာကိုး။ အခုတော့ ထုံးခွာပြီး သုတေသနပြု စမ်းကြတယ်။ ဓာတုဗေဒဆေးများနှင့် အရောင်ပြန်ဖော်ကြတယ်။ ဒါ့ကြောင့် အာနန္ဒာဘုရားမှာလည်း နံရံဆေးရေးပန်းချီများ တွေ့နေရတယ်။ ဒါတောင် များများရှာရသေးတာ မဟုတ်ဘူးဗျ။ နှစ်ကွက် သုံးကွက်တန်းရှာရုံနှင့် တွေ့ နေရတာပါ။

ပုဂံမှာ သုတေသနလုပ်တယ်ဆိုတာ မြေပေါ် ပေါ်နေသမျှကို သုတေ သနလုပ်တာ များပါတယ်။ မြေအောက်တူးဖော်ရှာမယ်ဆိုရင် အများကြီး

mgyee.com

mgyoe.com

တွေ့ရဦးမယ်။ မကြာမီက မြေကြီးတူးဆွရင်း မတော်တဆ ကြေးဆင်းတု တစ်ဆူ တွေ့ရတယ်။ ကိုယ်လုံးကိုယ်ထည် အချိုးကျနပြီး လက်ချောင်း လှပတဲ့ လူသားဗုဒ္ဓဖြစ်ကြောင်း တွေ့ရတယ်။ ဒီဆင်းတုဟာ ပုဂံသားတွေက မြတ်စွာဘုရားကို ဘယ်လိုအာရုံပြု ထင်မြင်သလဲဆိုတာ ပြတယ်။

နန်းတော်ရာတွေ၊ လူနေအိမ်ခြေနေရာတွေ၊ ဘာသာရေးနှင့်မပတ် သက်တဲ့ အခြားနေရာတွေကို တူးဖော်ကြည့်နိုင်ရင် ပုဂံသားတို့ရဲ့ လူမှုရေး ဘဝ၊ နိုင်ငံရေးအဆောက်အအုံ၊ စီးပွားရေးစနစ် စသည်များကို ပို၍ပို၍ တွေ့ကြရလိမ့်မယ်။

ပုဂံကတော့ ထပ်ထပ်တွေ့နေကြရမည့် ပုဂံဖြစ်ကြောင်းပါဗျ။

ဗိုလ်တထောင်သတင်းစာ၊ ၉၊ မေ၊ ၁၉၆၇

❖

mgyoe.com

mgyoe.com

## တောင်တော် ရွှေပုပ္ပား

ပုပ္ပားရောက်နေတာ သုံးလေးရက်ရှိနေပြီ။ ပုပ္ပားကို အချိန်အမျိုးမျိုးမှာ ရှုထောင့်အမျိုးမျိုးမှ အသွင်အမျိုးမျိုးဖြင့် မြင်နေရတယ်။

ပထမရောက်စနေ့က နံနက် ၁၁ နာရီကျော်ပြီ။ ကျောက်ပန်းတောင်း ရောက်သော်လည်း ပုပ္ပားတောင်ကြီးကို မမြင်ရသေးဘူး။ ခက် ခက်ရချေရဲ့။ ဒိဋ္ဌိကြီးတစ်ယောက်အတွက် ပုပ္ပားတောင် ကွယ်သွားလေမလားလို့တောင် အချင်းချင်း နောက်ပြောင်နေမိသေးတယ်။ ကောင်းကင်ကြည်လင် သန့်ရှင်း တယ်ဆိုရင် ပုပ္ပားကို တောင်တွင်းကြီး၊ မင်းဘူး၊ သာစည် စတဲ့အရပ်များက ပင် မြင်နိုင်တယ်။ ပုပ္ပားဟာ အပူပိုင်းဇုန်တစ်ခုလုံးကို လွှမ်းမိုးနေတဲ့ အမြင့်ဆုံး သောတောင် မဟုတ်ပါလား။

ကျောက်ပန်းတောင်းကထွက်လို့ အတန်ကြာမှ ပုပ္ပားတောင်ကြီးကို ရေးရေးကလေး မြင်ရတော့တယ်။ နံနက်ခင်းနေပူပူမှာ မြူတွေထ၊ တောင်ခိုး တွေဆိုင်းပြီး အဝေးမှ မမြင်ရခြင်းဖြစ်တယ်။ နေရောင်ဝင်းဝင်း မြူမှုန်မှုန်ကြား မှာ ကောက်ကြောင်းရေးရေးမြင်ရတဲ့ ပုပ္ပားတောင်မြတ်နှင့် တောင်ကလပ်တို့

mgyoe.com

mgyoe.com


ဟာ တစ်မျိုးလှနေပါတယ်။

ငါးရက်နေ့မနက်ကတော့ မနက် ငါးနာရီတိတိမှာ ပုပ္ပားမြို့မှဆင်းပြီး ပုဂံကို သွားရတယ်။ တစ်ခါမှ မနက် ငါးနာရီအချိန်မှာ ပုပ္ပားမှ မဆင်းဖူးသေးဘူး။ သုံးဆင့်ကွေ့ကိုဆင်းနေစဉ် ကြုံတောင့်ကြုံခဲ ပုပ္ပားတောင်မကြီးနှင့် တောင်ကလပ် ယှဉ်တွဲနေဟန်ကို မြင်လိုက်ရတယ်။ ကြုံတောင့်ကြုံခဲလို့ ဆိုလိုက်ခြင်းဟာ အပိုမဟုတ်ပါဘူး။ ပုပ္ပားတောင်ကလပ်ဟာ သူ့ချည်းမြင်ရရင် ကော်သူးလေပြည်နယ်ရဲ့ ဖွဲကပင်နဲ့ အတော်တူပြီး ဖွဲကပင်လောက်ကြီးသလိုလို ထင်ရတယ်။ သို့သော် ပုပ္ပားတောင်မကြီးနှင့် စာရင် တောင်ကလပ်ဟာ ရဲတိုက်ကြီးတစ်ခုမှ သူရဲခိုအဆောင်ပိုင်း တစ်ခုလောက်သာ ရှိတယ်။ တောင်မကြီးရဲ့ ရင်ခွင်မှာ တောင်ကလေးဝပ်နေတာကိုပဲ များသောအားဖြင့် မြင်ရတတ်တယ်။ တောင်မကြီးရဲ့ဘေးမှာယှဉ်ပြီး တောင်ကလပ်ရပ်နေဟန်ကို မြင်ရခဲတယ်။ ခုမှ ကြုံတောင့်ကြုံခဲ မြင်ရခြင်းပဲ။ မြင်ရပုံကလည်း ထူးပဲထူးလှတယ်။ ရောင်နီပျို့နေပြီဖြစ်တဲ့ ကြည်လင်သန့်ရှင်းသော ကောင်းကင်ပြာကို နောက်ခံကားချပ်ထားပြီး တောင်မကြီးက မိခင်ရဲ့တည်ငြိမ်အေးချမ်းမှုနှင့် လဲလျောင်းနေတယ်။ တောင်ကလပ်က သားပျိုရဲ့အားမာန်မျိုးနှင့် ဝင့်ဝါစွာ ရပ်နေတယ်။ ဘေးမှာတော့ တပေါင်းလဆုတ် ၁၁ ရက်ရဲ့ လကွေးကွေးကလေးက တွဲလွဲခိုနေတယ်။

ဒါ့ကြောင့် အချိန်အမျိုးမျိုးမှာ ရှုထောင့်အမျိုးမျိုးဖြင့် ပုပ္ပားတောင်ရဲ့ အသွင်အမျိုးမျိုးကို မြင်နေရတယ်လို့ ဆိုလိုက်ခြင်းပါဗျာ။

တစ်နေ့မနက်ကတော့ တောင်ကလပ်ကို သွားတက်ကြတယ်။ ပုပ္ပားမြို့မှနေပြီး တောင်ကလပ်သို့ ခြေလျင်လျှောက်သွားကြတယ်။ မော်တော်ကားနှင့်လည်းမသွားဘူး။ မော်တော်ကားလမ်း အလိုက်လည်း မလျှောက်ကြဘူး။ မောင်တင့်တယ်တို့ မောင်နှမ အသက်ထင်ရှားရှိစဉ်တုန်းကပဲ ရှိခဲ့ဟန်တူတဲ့ လူသွားလမ်းဟောင်းကလေးနှင့်ပဲ လျှောက်ကြတယ်။ ကျောက်တုံးတွေကြား သစ်ပင်ကလေးတွေက အုပ်လို့။ သစ်ပင်ကလေးတွေ အုပ်နေတယ်ဆိုပေမဲ့ အရွက်သစ်များ ကောင်းစွာမပေါက်သေးလို့ အရိပ်အာဝါသ မကောင်းလှသေးပါဘူး။ ဒါပေမဲ့ လေပြည်လေညင်းကလေးကတော့ တိုက်ခတ်နေတယ်။ သို့ဂလို လူသွားလမ်းကလေးဖြင့် လျှောက်သွားနေစဉ် ဘွားခနဲ တောင်

mgyoe.com

mgyoe.com


ကလပ်က ကျွန်တော်တို့ရှေ့မှာ ပေါ်လာတယ်။ ကျောက်တုံးကြီးနှစ်တုံးနှင့် အရိုးကျဲကျဲ သစ်ပင်နှစ်ပင်ကြားမှာ တောင်ကလပ်တစ်ခုလုံး တည်နေတယ်။ ကျွန်တော်တို့ရှေ့မှာ ကုန်းလျှောနှင့် အဆင်းလမ်းချည်းဆိုတော့ တောင်ကလပ်ကို ခြေဆုံးခေါင်းဆုံး မြင်ရတာပေါ့။ ဆရာတော် ဦးဂျော်တို့၊ ဦးပရမဗုဒ္ဓိတို့ ကြီးမှူးတည်ဆောက်ထားကြတဲ့ တောင်ခြေမှ ကျောင်းကန်နှင့် တောင်ထိပ်မှ စေတီအာရုံခံတန်ဆောင်းများအထိ မြင်ရတယ်။ နံနက်ခင်းနေခြည်နုများက တောင်ကလပ်တစ်ခုလုံးပေါ်မှာ ဆေးတိုက်ဖြာကျနေပြီ။ ထောင့်ချိုး၊ ကောက်ကြောင်း၊ အရစ်၊ အဝိုက်အားလုံးကို အလင်းအမှောင် ပန်းရအောင် ခြယ်မှုန်းပေးနေကြတယ်။ သို့ဂလို ကျွန်တော်တို့ရှေ့ ဘွားခနဲ ပေါ်လာတဲ့ ပုပ္ပားတောင်ကလပ်ကို အမြဲဖမ်းယူထားချင်တဲ့အတွက် ကျွန်တော် ဓာတ်ပုံရိုက်ယူလိုက်ပါတယ်။ သူ့ချည်းရော ဇနီးသားသမီးများကို ရှေ့ကထားလို့ပါ အမျိုးမျိုး ရိုက်ထားလိုက်ပါတယ်။ ရိုက်တော့ရိုက်တာပဲ၊ ကောင်းမကောင်း၊ ထင်မထင်ကတော့ ကင်မရာနှင့် ဖလင်ရဲ့တာဝန်ပဲလို့ ဆိုရမည့် ဓာတ်ပုံဆရာပါဗျာ။

ဓာတ်ပုံရိုက်လို့ ဓာတ်ပုံကောင်း ထွက်မထွက်ထက် ကျွန်တော့်မှာ အကျိုးတစ်ခုတော့ရှိတယ်။ သွားရင်းလာရင်း ကင်မရာမျက်စိဖြင့် အကွက်ကောင်းရှာတဲ့ အလေ့အထပဲ။ စာရေးဆရာတစ်ယောက်အဖို့ အရှုံးမရှိဘူး။ ရေးကွက်ရှာလေ့ရှိတဲ့ မျက်စိနှင့် ဦးနှောက်ကို ကင်မရာမျက်စိက အားဖြည့်ပေးတယ်ထင်ပါတယ်။

တောင်ကလပ်ဟာ အဝေးကကြည့်လျှင်သာ လှပတယ်။ သာယာတယ်။ အနီးကပ်ကြည့်တော့ အတော်အရုပ်ဆိုးနေတယ်။ ညစ်ပတ်နေတယ်။

တောင်ကလပ်ကိုဖြစ်စေ၊ တောင်မကြီးကိုဖြစ်စေ ကျွန်တော်တို့ မကြာခဏတက်သင့်တယ်။ ကျန်းမာရေးလေ့ကျင့်ခန်းဖြစ်တယ်။ ရှုခင်းအလှအပကို ကြည့်ရခြင်းအားဖြင့် စိတ်ကြည်လင်ရွှင်ပျတယ်။ လေကောင်းလေသန့် ရှူရှိုက်ရတယ်။

ပုပ္ပားတောင်ကလပ်ကို တက်ရတဲ့အခါမှာ ပထမဆုံးကြုံတွေ့ရတာကတော့ ကမ္ပည်းစာတန်းများခြင်းပါပဲ။ အလှူ့ရှင်အမည်စာတန်းများကို တန်ဆောင်းများမှာ နှစ်ပေ သုံးပေတစ်ခါ တွေ့ရရုံမက ဆေးနှစ်ဖက်ဝဲယာညှပ်ပြီး ထိုင်ခုံများမှာလည်း နှစ်ပေ သုံးပေတစ်ခါတွေ့ရတယ်။ အလှူ့ရှင်စာတန်းများ

mgyoe.com

mgyoe.com

တော့ 'တရားဝင်'ထိုးထားခြင်းပါ။ ဘုရားဖူးလာသူ အဖွဲ့အမည်များကိုလည်း ထုံးစံအားဖြင့် အခြားနေရာများမှာ တွေ့ရတဲ့အတိုင်း မီးသွေးနှင့်တစ်မျိုး၊ မြေဖြူနှင့်တစ်သွယ်၊ ခဲမင်နှင့်တစ်ဖုံ စုံနေအောင် တွေ့ရတယ်။ အနုပညာ အလှအပဆိုတာ ဒီစာတန်းတွေကြောင့် ပျက်ရပါတယ်ဗျာ။

ဈေးသည်တွေလည်း ပေါပါရဲ့။ အလှူခံတွေလည်း များပါပေ့။ သို့သော်လည်း အမှိုက်သရိုက်ရှင်းလင်းမည့်သူ မရှိဘူးထင်ပါတယ်။ ဆရာတော်ကြီးများဖြစ်ကြတဲ့ ဦးကျော်နီတို့၊ ဦးပရမဇုဒ္ဓိတို့ကလည်း တောင်ခြေက တည်းခိုရန်စခန်းများကိုသာ ဟိုတယ်များသဖွယ် သန့်ရှင်းကောင်းမွန်ထည်ဝါအောင် အပြိုင်အဆိုင် လုပ်နေကြဟန်ရှိတယ်။ တောင်ကလပ်ပေါ် သန့်ရှင်းအောင်တော့ ကြီးကြပ်စီမံတော်မူကြပုံမပေါ်ဘူးဗျ။ ဆေးလိပ်တို့၊ ပြောင်းဖူးရိုး၊ ငှက်ပျောခွံ၊ မြေပဲခွံ၊ မျောက်ချေးမှစပြီး လူရော မျောက်ရော ရှုပ်ထားကြတဲ့ အမှိုက်ပေါင်းစုံ ခိုလှုံခယနေကြပုံကို လှေကားအဆင့်တိုင်းမှာ တွေ့နေရတယ်။ လူအချို့ ညစ်ပတ်ပုံကိုလည်း ကြည့်ပါဦး။ တောင်ထိပ်ရှိ တန်ဆောင်းတစ်ခုရဲ့ နောက်မှာ စင်္ကြံတစ်ခုရှိတယ်။ အဲဒီဘက်ထွက်ပြီး ရပ်ကြည့်လိုက်လျှင် ကြက်မောက်တောင်၊ ကျောက်ပန်းတောင်း ပတ်ဝန်းကျင်ရှုမျှော်ခင်းကို ကောင်းစွာ မြင်ရတယ်။ ကျောက်ပန်းတောင်းရှုခင်းသာ လုပ်ထားတာမျိုးပဲ။ အဲဒီနေရာမှာ လူအချို့က သေးတွေပေါက်ထားကြတယ်ဗျာ။

တောင်ကလပ်ထိပ်ရောက်ခါနီးမှာ ၁၂ နှစ် ၁၃ နှစ်သားလောက် ကလေးတစ်ယောက်ကို ရေထမ်းနှင့်တွေ့ရတယ်။ ဘုရားရေသပ္ပာယ်မည်လား သောက်ရေအိုးစင် ရေထည့်မည်လား။တစ်ထမ်းတစ်ကျပ်တဲ့ဗျ။ ကျွန်တော်က ရေအိုးစင်ရေထည့်မယ်လို့ ပြောပြီးတဲ့နောက် သူ့အကြောင်းကိုမေးကြည့်တယ်။ ပုပ္ပားမြို့က လေးတန်းအောင်လို့ ငါးတန်းတက်မည့် ကျောင်းသားကလေးပါ။ အဖေကတော့ ငှက်ပျောခြံသမား၊ ပန်းရန်အလုပ်သမား ဖြစ်ပါတယ်။ ကျောင်းအားလို့ ဒီအလုပ်လာလုပ်နေတယ်။ သူ့ရေထမ်းအတွက် ကျွန်တော်က တစ်ကျပ်ပိုပေးလိုက်တယ်။

တောင်ထိပ်အရောက်မှာ ရေထမ်းတွေနှင့် လူရွယ်အချို့က ဘုရား ရေသပ္ပာယ်ပါဦးလို့ လာပြောကြပြန်တယ်။ ကျွန်တော်က ဘုရားရေသပ္ပာယ် တာတော့ သူများတွေလုပ်ကြပါလိမ့်မယ်ကွာ။ ငါကတော့ တန်ဆောင်းသန့်

mgyoe.com

mgyoe.com


ရှင်းရေး လုပ်ချင်တယ်။ ငါကပိုက်ဆံပေးမယ်။ မင်းတို့လုပ်မည်လားလို့ မေးလိုက်တယ်။ သူတို့လည်း ငှက်ပျောခြံသမားတွေပဲ။ ခြံအလုပ်ပါးချိန် ဒီအလုပ်လာလုပ်နေကြတာပဲ။ တစ်ယောက်သောသူက သန့်ရှင်းရေးကို သူ လုပ်ပါမည်၊ ပိုက်ဆံပေးချင်သလောက်သာ ပေးပါဟု ဆိုလာတယ်။ ကျွန်တော်က ငွေ ငါးကျပ်ပေးလိုက်တယ်။ သူက တောင်ထိပ်မှတောင်အောက် အထိ လှည်းကျင်းသွားပါမယ်ဆိုပြီး တံမြက်စည်းရှာထွက်သွားတယ်။ ကျွန်တော်တို့လည်း တောင်ထိပ်လှည့်ကြည့်ပြီး အဆင်းတန်ဆောင်းမှ ဆင်းလာကြတယ်။ အတက်တန်ဆောင်းဘက်မှ တံမြက်စည်းလှည်းသံများကိုတော့ ကြားနေတာပဲ။ နောက်ပြီး ခေါင်းလောင်းသံနှင့် တံမြက်စည်းလှည်းသံ ရောနေတယ်။ ကျွန်တော်တို့ရဲ့ ကောင်းမှုဖြင့် တံမြက်စည်းလှည်းနေတယ်ထင်တာပဲ။ ခေါင်းလောင်းသံကလည်း ကျွန်တော်တို့ရဲ့ကောင်းမှုကို တီးနေတယ် ထင်တာပဲ။ သို့သော်လည်း ကျွန်တော့်လို စိတ်ကူးပေါက်သူ တစ်ယောက်က တောင်ကလပ်သန့်ရှင်းရေးအတွက် လုပ်နိုင်လှ သည်တစ်ချိုပြီး နောက်တစ်ချိ ပေါ့။ အမြဲတမ်းသန့်ရှင်းရေးတော့ ကျွန်တော်ဉာဏ်မမီကြောင်းပါဗျ။

ဗိုလ်တထောင်သတင်းစာ၊ ၁၂၊ မေ၊ ၁၉၆၈

❖

mgyoe.com

mgyoe.com

# မြစ်ငယ်နှင့် ဂုတ်ထိပ်

(၁)

ခရီးတစ်ခေါက် ထွက်ခဲ့ရပြန်ပြီ။

ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထားဘုတ်အဖွဲ့ (ပမမ)၏ဧည့်သည် အဖြစ်ဖြင့် လှည့်ခဲ့ရသော ပမမ ခရီးဖြစ်ပေသတည်း။

မြစ်ငယ်နှင့် ဂုတ်ထိပ်သို့ ရောက်ခဲ့ရသည်။ မြစ်ငယ်မီးရထားတွဲ ပြုပြင် ဆောက်လုပ်ရေးစက်ရုံကို ကြည့်ရှုလေ့လာခဲ့ရသည်။ ဂုတ်ထိပ်တံတားကြီး ထိန်းသိမ်း မွမ်းမံထားပုံကို တွေ့မြင်ခဲ့ရသည်။

၁၂–၈–၆၈ တနင်္လာနေ့နံနက်တွင် ရန်ကုန်မှမန္တလေးသို့ အမြန်ရထား ဖြင့် ကျွန်တော်တို့ထွက်ကြရလေသည်။ ဤအမြန်ရထား ပြေးနေသည်မှာ တစ်နှစ်ပတ်လည်တိုင်ခဲ့ပါပြီ။ ကျွန်တော်ကား ယခုတစ်ကြိမ်သာ ဤအမြန် ရထားကို စီးဖူးသေးသည်။ ခရီးဝေးသွား ကျွန်တော့်မိတ်ဆွေအများအပြားနှင့် အညာမှဆင်းလာသော ကျွန်တော့်ဆွေမျိုးသားချင်းများ ဤအမြန်ရထားဖြင့် သွားလာနေကြသည်ကို ကျွန်တော်မကြာခဏ တွေ့နေရပါသည်။ သူတို့ထံမှ

mgyoe.com

ချိုးကျူးသံများကိုလည်း မကြာခဏ ကြားနေရပါသည်။ ကျွန်တော်လည်း သူတို့လို ဤအမြန်ရထားဖြင့် ခရီးသွားလိုစိတ်ပေါ်နေခဲ့သည်။ ယခုတော့ ဆန္ဒပြည့်ဝသွားပါပြီ။

အမြန်ရထားသည် အပျော်ခရီးသွားလို၍ ဖြစ်စေ၊ အလုပ်ကိစ္စ အရေးကြီးလို့ သွားလို၍ ဖြစ်စေ၊ ခရီးသက်သက်နှင့် ခရီးပေါ့ပေါ့ပါးပါးသွားလိုသူအဖို့ အလွန်အဆင်ပြေသည်။ ခရီးသွားရင်း ကုန်အထုပ်အပိုးတွေ (တရားဝင်ကုန်ဖြစ်ဖြစ်၊ မှောင်ခိုကုန်ဖြစ်ဖြစ်) ဝန်စည်စလယ်တွေနှင့် ခရီးလေးလေးသွားချင်သူတို့အတွက် အဆင်မပြေပါ။

ခွင့်ပြုထားသော အလေးချိန်ထက်မပိုသော အိပ်ရာလိပ်နှင့် သေတ္တာများကို သီးသန့်လပ်ဂိတ်တွဲမှာ ထည့်ပေးလိုက်ရသည်။ ကိုယ်နှင့်အတူ ထမင်းချိုင့်နှင့် လွယ်အိတ်တစ်လုံးသာ ယူပိုင်ခွင့်ရှိသည်။

သီးသန့်လပ်ဂိတ်တွဲကို သွားကြည့်ကြသည်။ တောင်ငူအတွက် တစ်ကန့်၊ ပျဉ်းမနားအတွက် တစ်ကန့်၊ သာစည်အတွက် တစ်ကန့်၊ မန္တလေးအတွက် တစ်ကန့် အိပ်ရာလိပ်နှင့် သေတ္တာများကို ပုံထားသည်။ ပိုင်ရှင်လေဘယ်များ အသီးသီးတပ်ထားသည်။ လိုရာဘူတာ ရောက်သောအခါ လက်ခံလေဘယ်ပြပြီး ရွေးယူရုံဖြစ်သည်။ ကျွန်တော်တို့ လိုက်ပါလာသော အထူးတွဲနှင့် လပ်ဂိတ်တွဲမှာ နီးသောကြောင့် အကဲခတ်ကြည့်ခွင့်ရလေသည်။ ဘူတာတိုင်းမှာ အတင်အချလွယ်ပြီး မြန်ဆန်သည်။ ရွေးယူရာမှာလည်း အဆင်ပြေပါသည်။ တစ်ကြိမ်ပဲ အကျပ်ရိုက်သွားသည်ကို မန္တလေးကအပြန်မှာ တွေ့ကြုံခဲ့ရသည်။ ခရီးသည်က တောင်ငူမှာ ဆင်းသည်။ သေတ္တာလေဘယ်မှာ ရန်ကုန်ဟု ရေးထားလေသည်။ အမှုထမ်းများက ရှာပေးမည်ပြုသောအခါ အရာရှိက အချိန်မီရှာမတွေ့က ရန်ကုန်ကျမှ ပြန်ပို့ရန်ပြောသည်။ အချိန်မှန်ရောက်ရေးကို ဦးစားပေးထားသောကြောင့် ဖြစ်၏။ အမှုထမ်းများက အချိန်မီပြီးပါမည်ဟုဆိုပြီး ရှာကြရာ တွေ့သဖြင့် ခရီးသည်မှာ ကျေနပ်သွားလေသည်။ တောင်ငူတွင် ရထားရပ်ချိန်မှာ ငါးမိနစ်သာဖြစ်သည်။

ရန်ကုန်ဘူတာကြီး၏ ရုံပိုင်ကြီးအခန်းတွင် အမြန်ရထား တာဝန်ခံမီးရထားအရာရှိတစ်ဦး ရုံးထိုင်နေသည်။ သူသည် အမြန်ရထားအားလုံး အချိန်မှန်မှန် စနစ်တကျ အလုပ်လုပ်ရေးအတွက် တာဝန်ခံစီမံခန့်ခွဲရသူဖြစ်

mgyoe.com

သည်။ အမြန်ရထားများသည် ခရီးထွက်နေစဉ်သော်လည်းကောင်း၊ ရန်ကုန်ပြန်ရောက်လျှင်သော်လည်းကောင်း၊ သူ့ထံ အခြေအနေအရပ်ရပ်ကို အစီရင်ခံနေရပေသည်။ သူသည် မှတ်တမ်းများ ယူထားသည်။ မန္တလေးအမြန်ရထားအတွက် မှတ်တမ်းစာအုပ်ကို ကျွန်တော်ဖွင့်ကြည့်သည်။ အောင်မြင်ချက်များကို မှတ်တမ်းတင်ထားသလို ချွတ်ယွင်းချက်များကိုလည်း မှတ်တမ်းတင်ထားသည်။ ဆောင်ရွက်ပြီးသည်ကိုလည်းကောင်း၊ ဆောင်ရွက်ရန် ကျန်နေသေးသည်ကိုလည်းကောင်း ဖော်ပြ၏။ အချိန်မှန်ထွက်ခြင်းနှင့် အချိန်မှန်ဆိုက်ရောက်ခြင်းသည် အမြန်ရထား၏ ထူးခြားသောအရည်အချင်းဖြစ်ကြောင်းတွေ့ရ၏။

အမြန်ရထားဟု ဆိုသော်လည်း ဂျပန်ပြည်က တစ်နာရီမိုင် ၁၂၀ပြေးနိုင်၍ ပျမ်းမျှမိုင် ၁၁၀ ပြေးသော အမြန်ရထားမျိုး မဟုတ်သေးပါ။ တစ်နာရီ ၃၅ မိုင်မှ ၄၀ အထိသာ ပြေးခြင်းဖြစ်ပါသည်။ မြန်သွားသည်မှာ ဘူတာစဉ်မရပ်ဘဲ ကြားမှ သုံးဘူတာသာရပ်ပြီး တစ်ဘူတာတွင် ငါးမိနစ်သာရပ်ခြင်းကြောင့်ဖြစ်ပါသည်။

သို့သော်ဤမျှမြန်လျှင်ပင် ကျေနပ်ထိုက်လှပါပြီ။ ၁၂ နာရီနှင့် မန္တလေးသို့ ရောက်နိုင်ကြပါပြီ။ ဤမြန်နှုန်းဖြင့် ထိုင်ခုံမာအတန်းတွင် သက်သောင့်သက်သာ ခရီးသွားနိုင်ကြသလို ထိုင်ခုံပျော့အတန်းနှင့် အထူးတွဲများတွင် ဇိမ်ရှိရှိ ခရီးသွားနိုင်ကြပါသည်။ အမြန်ရထားတွင် ခရီးသည်များသည် ထိုင်ခုံပျော့အတန်းတွင် ဈေးကြီးပေးစီးသူ နည်းပါးလာပြီး ထိုင်ခုံမာအတန်းတွင် ဈေးသက်သက်သာသာနှင့် အစီးများနေသည်။ ဘာသိပ်ထူးတာလိုက်လို့ဟု ဆိုနေကြပေသည်။ ကိုယ့်ထိုင်ခုံနှင့် ကိုယ်ထိုင်ပြီး လိုရာခရီးကို အချိန်တိုတိုနှင့် ရောက်ကြသည်ကား အတူတူပေကိုး။

ကျွန်တော်တို့သည် နံနက် ခြောက်နာရီတိတိတွင် ရန်ကုန်ဘူတာကြီးမှ ထွက်ခဲ့ကြလေသည်။ တစ်လမ်းလုံး မိုးအုံ့လျက်ရှိ၏။ လယ်ကွင်းပြင်များကား အတော်ကလေး စိမ်းနေလေပြီ။ အတော်ကလေး စိမ်းနေသည်ဟု ဆိုသည်မှာ တစ်ပြင်လုံး စိမ်းနေသေးသည်မဟုတ်ကြောင်း ဆိုလိုပါသည်။ အချို့လယ်ခင်းများကား စိုက်ပျိုးဆဲဖြစ်ပြီး အချို့မှာ စိုက်ပင်မစိုက်ရသေးချေ။ မစိုက်ရသေးသောလယ်များမှာ ရေပြင်ဖွေးဖွေး ဖြစ်နေသည်။ အများအပြားမှာ အရွက်

mgyoe.com

ခေါင်းထောင်ခါစ ဖြစ်ကြသည်။ ဖိတ်ဖိတ်လျှမ်း စိမ်းနေသော ပျိုးခင်းများကို ဟိုမှာတစ်ကွက်၊ သည်မှာတစ်ပြောက် တွေ့ရ၏။

ရန်ကုန်နှင့် ပဲခူးကြားမှ လယ်များမှာ ကြဲစိုက်များဖြစ်ကြ၏။ ပဲခူးက လွန်ပြီး ပျဉ်းမနား ရောက်သည်အထိ ပျိုးစိုက်များ များလာပြီး ကြဲစိုက်မတွေ့ရ သလောက်ပင်ဖြစ်သည်။

ကျောက်တံခါး၊ ဇေယျာဝတီ စသည်တို့တွင်ကား စိမ်းလန်းသော လယ်ကွင်းများတွင် ရောင်စုံဖြင့် လှုပ်ရှားနေကြသော ကောက်စိုက်သမများကို တွေ့ရပေ၏။ ရောင်စုံဆာရီဝတ် ကုလားမ ကောက်စိုက်သမများပေတည်း။

ရမည်းသင်း၊ ပျော်ဘွယ်ဆီသို့ရောက်လာသောအခါ ဥတုကလည်းပြောင်း၊ မြင်ကွင်းလည်း ပြောင်းလာပေသည်။ နေသိပ်မပူသော်လည်း အိုက်စပ်စပ်ဖြစ်၏။ ကောင်းကင်တွင် မိုးတိမ်တွေပျံသန်းနေသော်လည်း မိုးမရွာခြောက်သွေ့နေလေ၏။ ငရုတ်ခင်း၊ နှမ်းခင်း၊ ပြောင်းဖူးခင်း စသည်များကို တွေ့ရသည်။ တစ်ကွက်စ၊ နှစ်ကွက်စ လယ်လုပ်ထားကြသည်။ ထူးထူးခြားခြား တချို့လယ်ကွင်းလေးများမှာသာ (ဘယ်ကရလေသည်မသိ) ရေရှိပြီး များသောအားဖြင့် ရေခန်းပြီး ပျိုးပင်များခြောက်စပြုနေလေပြီ။ မိုးမြန်မြန်လာပါမှ သက်ရှင်ခွင့်ရကြလေမည်ဟု စဉ်းစားနေမိလေသည်။ (နောက် ၃ ရက်အကြာ မန္တလေးမှအပြန်တွင်ကား မိုးလှိုင်လှိုင်ရွာထားနှင့် လေပြီ)

ကျောက်ဆည်ကား တစ်ရေတစ်မြေ တစ်သွေးတစ်မွေးကဲ့သို့ ထင်ရသည်။ ဆည်ရေ၊ မိုးရေဖြင့် စိုက်ပျိုးရေး အမြဲအောင်သည်။ မျက်စိတစ်ဆုံးကြည့်လိုက်တိုင်း စိမ်းလန်းနေသည်ကိုသာ တွေ့ရသည်။

အမြန်ရထားသည် မြစ်ငယ်ဘူတာသို့ အချိန်အတိုင်း ရောက်လာသည်။ သို့သော် အတစ်အဆို့တစ်ခုနှင့် တိုးနေလေသည်။ နေ့ခင်းတစ်နာရီကတည်းက မီးရထားစက်ခေါင်းနှင့် တွဲအချို့ လမ်းချော်ခဲ့လေရာ ပြင်မပြီးသေးချေ။ နောက်ထပ် သုံးနာရီစောင့်တော့မှ ပြင်ပြီးသဖြင့် ကျွန်တော်တို့၏ အမြန်ရထားကြီး ထွက်နိုင်လေတော့သည်။ မန္တလေးသို့ ညနေ ခြောက်နာရီ မရောက်နိုင်တော့ဘဲ ည ကိုးနာရီမှ ရောက်လေတော့သည်။ အမြန်ရထား၏ အပြစ်ကားမဟုတ်ပါ။ အမြန်ရထားသည် အခြားဘယ်ဘူတာမှာမှရပ်မစောင့်ခဲ့ရ။ ဘူတာတိုင်းမှ လိုင်းကလီးယားဖြစ်နေနှင့်သည်မှာ တစ်ဘူတာနှင့်

mgyoe.com

mgype.com

တစ်ဘူတာ မည်မျှဆက်သွယ်မှုကောင်းသည်ကို ပြနေပါသည်။ ပမမ ကာယဉာဏလုပ်သားတို့သည် အမြန်ရထားအတွက် မည်မျှဦးစားပေး စုပေါင်းဆောင်ရွက်နေသည်ကိုလည်း ပြနေပါသည်။

(၂)

မန္တလေးတွင် မီးရထားအထူးတွဲပေါ်မှာပင် ကျွန်တော်တို့ တည်းခိုကြရသည်။ လွန်စွာအဆင်ပြေသော အစီအစဉ်ပေတည်း။

နောက်တစ်နေ့နံနက်တွင် မြစ်ငယ်မြို့ မီးရထားတွဲ ပြုပြင်ဆောက်လုပ်ရေးစက်ရုံသို့ သွားကြလေသည်။ ကျွန်တော်ကား ဤစက်ရုံသို့ ယခင်ကလည်း နှစ်ကြိမ်ရောက်ခဲ့ဖူးပေသည်။

ဤစက်ရုံမှာ ၁၉၀၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့လေသည်။ ယခုအခါ တန်ဖိုး ၃၃ သိန်းခန့်တန်သော စက်အလုံးပေါင်း ၁၈၃ လုံး၊ ကာယဉာဏအလုပ်သမားပေါင်း ၂၁၂၃ ယောက်ဖြင့် နှစ်စဉ်တန်ဖိုးအားဖြင့် ၂၁၇ သိန်းကျော်ရှိသော ကုန်တွဲလူစီးတွဲဟောင်း ပြုပြင်ပေးသည့်လုပ်ငန်းနှင့် တွဲသစ်ထုတ်လုပ်ပေးသည့် လုပ်ငန်းများကို ထုတ်လုပ်ဆောင်ရွက်ပေးလျက်ရှိပေသည်။

မြစ်ငယ်မြို့မှာ မီးရထားဌာနပိုင် လုပ်သားမြို့ကလေးဖြစ်သည်။ ဤမြို့ကလေးတွင် မီးရထားအလုပ်သမားနှင့် မိသားစုများ လူဦးရေ ၆၂၅၇ ယောက်ရှိလေသည်။ မီးရထားပိုင်မြေဧကမှာ ၇၈၃ ဧကဖြစ်ပြီး စက်ရုံ၏ အကျယ်အဝန်းမှာ ၆၉ ဒသမ ၅၉ ဧကသာဖြစ်ရာ များစွာတိုးချဲ့နိုင်သေးသည်။

ကာယဉာဏအလုပ်သမားပေါင်း ၂၁၂၃ အနက် ကျွမ်းကျင်သည့် ကာယအလုပ်သမား ပထမအဆင့် ၄၂၂ ဦး၊ ဒုတိယအဆင့် ၁၀၀၇ ဦးနှင့် မကျွမ်းကျင်သည့် ကာယလုပ်သား ၄၃၀ ဖြစ်ပြီး ဉာဏအလုပ်သမားနှင့် ရုံးအလုပ်သမားတို့မှာ ၂၆၄ ဦးဖြစ်ပေသည်။ မြန်မာပြည်ရှိ အခြားသော စက်မှုလုပ်ငန်းများနှင့်စာသော် ဤစက်ရုံသည် ခေတ်မီသည့် ကုန်ထုတ်ပစ္စည်းကိရိယာများနှင့် ထိတွေ့ရသော၊ တစ်နေရာတည်းတွင် စုစုစည်းစည်း လုပ်ကိုင် နေထိုင်ရသော အလုပ်သမားအများဆုံး၏ စုဝေးရာ စက်ရုံဖြစ်ပေသည်။ ထို့ကြောင့် အလုပ်သမားရေးရာများတွင်လည်းကောင်း၊ လမ်းစဉ်

mgype.com

mgyoe.com


ပါတီရေးရာများတွင်လည်းကောင်း စံပြအဖြစ်ဖြင့် ရှေ့ဆုံးမှ ပြေးနေသော စက်ရုံဖြစ်ပေသည်။ သို့သော် ပထဝီနှင့် အုပ်ချုပ်ရေးကိုသာ ဦးစားပေးထားသော စည်းရုံးရေးပုံသဏ္ဍာန် ဖြစ်နေသောကြောင့် မြစ်ငယ်အလုပ်သမားမြို့ကလေးသည် အရင်းရှင်ပေါက်စ လွှမ်းမိုးသည့် အမရပူရမြို့နယ်၏ လက်အောက်ခံ ရွာကြီးတစ်ရွာ သဘောသာ ဖြစ်နေပေသည်။ အမရပူရမြို့နယ်လအက၊ ပါတီယူနစ်နှင့် အလုပ်သမားကောင်စီများ၏ အထွေထွေအပြန့်ပြန့်ဖြစ်သော အရေးအခင်းများကြားတွင် မြစ်ငယ်အလုပ်သမားအရေးအခင်းများသည်လျော့ရဲရဲနှင့် နစ်မျောနေတတ်ပြီး အထူးအာရုံစိုက်ခြင်း၊ အလေးပေးခြင်းမခံရ ဖြစ်နေတတ်ပေသည်။

မြစ်ငယ်သို့ ကျွန်တော်တို့ အထူးတလည် လာခဲ့ကြခြင်းမှာ မြစ်ငယ်လုပ်သားထု သံကိုယ်ထည်လှေစီးတွဲ အောင်မြင်စွာ တည်ဆောက်နေကြသည်ကို ကြည့်ရှုလေ့လာ အားပေးကြရန် ဖြစ်ပေသည်။ ယခု သံကိုယ်ထည်လှေစီးတွဲ တည်ဆောက်ခြင်းမှာ သူတို့၏ထူးချွန်သော လုပ်ဆောင်မှုတစ်ရပ် ဖြစ်ပေသည်။

မြစ်ငယ်စက်ရုံ၏ အဓိကတာဝန်မှာ လှေစီးတွဲဟောင်းနှင့် ကုန်တွဲဟောင်းများကို ပြင်ဆင်ပြုပြင်ရန် ဖြစ်ပေသည်။

မြန်မာပြည်အရပ်ရပ်သို့ လှေစီးတွဲများနှင့် ကုန်တွဲများ ရောက်နေရာနှစ်နှစ်တစ်ကြိမ် မွမ်းမံပြင်ဆင်ရန် မြစ်ငယ်စက်ရုံသို့ ပြန်ပို့ရသည်။ မီးရထားမိုင်းဖုံးထိ၍သော်လည်းကောင်း၊ တိုက်မိ၍သော်လည်းကောင်း ပျက်လျှင်ကား ချက်ချင်းပို့၍ ပြင်ရသည်။ ယခုအခါ မီးရထားတွဲများ မလုံလောက်သဖြင့် နှစ်နှစ်တစ်ကြိမ်ပြင်ရန် မှန်မှန်မပို့ကြချေ။

ထို့ကြောင့် ရိုးရိုးအချိန်စေ့၍ ထိန်းသိမ်းပြုပြင်ရသည်ထက် ရောင်တခင်ပျက်၍ ပြင်ဆင်ပြုပြင်ရသည်က များနေပေသည်။ စက်ရုံက ပြင်ဆင်ပြုပြင်နိုင်သော ကုန်ထုတ်စွမ်းအားထက်လည်း လျော့၍နေပေသည်။

မြစ်ငယ်စက်ရုံတွင် သစ်သားကိုယ်ထည်လှေစီးတွဲနှင့် ကုန်တွဲများကိုလည်း တည်ဆောက်နေသည်။ သို့သော် လုံလောက်အောင် မထုတ်လုပ်နိုင်သေးသဖြင့် နိုင်ငံခြားမှ ဝယ်ယူနေရဆဲဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံမီးရထားဌာန၏ ရည်မှန်းချက်မှာ နိုင်ငံခြားငွေ ချွေတာနိုင်ရန် ပြည်တွင်းမှ

mgyoe.com